# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၁၁)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

( ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၃း၃၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၃း၃၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော် ၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၃း၃၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၃:၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၂)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၇၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၃:၃၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ
## ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၃:၃၉။**

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ပတ်သက်ပြီး အချိန်ကို ငဲ့ညှာတဲ့အနေနဲ့ ဇယားနဲ့ ဖတ်ပြပါမယ်။ ဒေါက်တာမြင့်နိုင်၊ စစ်ကိုင်း(၃)၊ ဇနီးကျန်းမာရေး၊ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ပြည်နယ်ယဉ်ကျေးမှုကိစ္စ၊ ဦးဆားရယ်၊ ကယား(၆)၊ ဒေသဖွံ့ဖြိုးရေးကိစ္စ၊ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ မိသားစုကိစ္စ၊ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ လူမှုရေးကိစ္စ၊ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ဇနီးကျန်းမာရေးကိစ္စ၊ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စ၊ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကျန်းမာရေး၊ ဦးဆလိုင်းခွဲယန်၊ ချင်း(၁၂)၊ ပြည်ပခရီး၊ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကျန်းမာရေး၊ ဦးရဲမြင့်၊ ပဲခူး(၄)၊ ကျန်းမာရေး၊ ဦးဂျေယောဝူ၊ ကချင်(၁၂)၊ ကိုယ်ရေးကိုယ်တာ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု
## အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၃:၄၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့်

ခွင့်ပြုထားသူ (၁၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး ဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ (၂၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)(အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာကော်မတီ)၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၄၁။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)(အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာကော်မတီ)မှ တင်သွင်းထားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသား ရိုးရာစာပေနဲ့ ယဉ်ကျေးမှု အဖွဲ့များအား ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ (၁၁)ဦး ဖြစ်တဲ့အတွက် မိမိအသိနဲ့မိမိ ယနေ့အပြီးပြတ်အောင်

တိုတိုတုတ်တုတ်နဲ့ ထိထိရောက်ရောက် ဆွေးနွေးကြဖို့ မှာကြားလိုပါတယ်။ အကယ်၍ ယနေ့ မပြီးပြတ်ဘူးဆိုရင်တော့ နောက်တစ်နေ့ကို ကူးရမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၂။**

**ဦးဟာရှိန်းဘွေ၊ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)။** ။လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ်တိုင်းဒေသကြီးများမှ တိုင်းရင်းသားပြည်သူများရဲ့ဆန္ဒ တင်ပြချက်များအပေါ် အခြေခံပြီး တိုင်းရင်းသားရေးရာကော်မတီကိုယ်စား အတွင်းရေးမှူး ဦးခက်ထိန်နန်ရဲ့ တင်သွင်းလာတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသားရိုးရာစာပေနဲ့ ယဉ်ကျေးမှု အဖွဲ့များအား ဖွဲ့စည်းခွင့် မှတ်ပုံတင်ခြင်း (လုပ်ပိုင်ခွင့်) ကို ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားများဟာ မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုပွဲတော်များ၊ ဓလေ့ထုံးစံအရ ဆောင်ရွက်နေတဲ့ပွဲများ၊ ဘာသာရေးပွဲများကို လွတ်လပ်စွာ လုပ်ကိုင်ဖော်ထုတ် ဆောင်ရွက်နိုင်ရန်အလို့ငှာ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြပါတယ်။

ထိုသို့ ဖွဲ့စည်းတဲ့အဖွဲ့အစည်းများအား တရားဝင်မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းတို့ကို ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနတွင် တင်ပြဆောင်ရွက်ကြရာ၌ ကြန့်ကြာခြင်း၊ ခရီးဝေးခြင်း၊ အကုန်အကျများခြင်း စသည့် အခက်အခဲပေါင်းများစွာ ကြုံတွေ့နေရပါတယ်။ တိုင်းပြည်တွင် ခေတ်စနစ်ပြောင်းလဲပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရာမှာ အထက်အောက်အဆင့်ဆင့် လုပ်ငန်းလွယ်ကူချောမွေ့စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပွင့်လင်းမြင်သာသော စနစ်များဖြင့် ဆောင်ရွက်ရန် အထူးလိုအပ်နေပြီ ဖြစ်ပါတယ်။ အထူးသဖြင့် အောက်ခြေမြို့နယ်အဆင့်များ၌ လုပ်ငန်းလျင်မြန်လွယ်ကူစေရန် သင့်တော်တဲ့ လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဘောင်အတွင်းမှ ပြည်နယ်နှင့်တိုင်းဒေသကြီးများကို လုပ်ပိုင်ခွင့်ပေးရန် အထူးလိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မန္တလေးတက္ကသိုလ်မှာ ၁၉၇၁ ခုနှစ်ကနေ ၁၉၇၇ ခုနှစ်ထိ ပညာသင်ကြားခဲ့ပါတယ်။ တက္ကသိုလ်မှာ မင်းတပ်၊ ကန်ပက်လက် အရှိုစာပေနှင့် ယဉ်ကျေးမှု ကော်မတီအတွင်းရေးမှူးနဲ့ တက္ကသိုလ်များ ချင်းတိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုကော်မတီ အတွင်းရေးမှူး တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ပါတယ်။ ပြည်နယ်/တိုင်းအသီးသီးရှိ မိမိတို့ တိုင်းရင်းသားကိုယ်စားပြု စာပေနှင့် ယဉ်ကျေးမှုကော်မတီ အသီးသီး စာပေယဉ်ကျေးမှု အဆို၊ အက၊ အတီးများကို ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပါတယ်။ ပြည်ထောင်စုနေ့ ယဉ်ကျေးမှုအကပဒေသာပွဲများမှာလည်း တိုင်းရင်းသားလူမျိုး ပေါင်းစုံပါဝင် တင်ဆက်ဖျော်ဖြေခဲ့ ကြပါတယ်။ မိမိတို့မျိုးနွယ်စုများထဲမှ ကျောင်းသူ၊ ကျောင်းသားများရဲ့ လူမှုရေးအခက်အခဲကအစ တာဝန်ယူဖြေရှင်းပေးတဲ့အထိ စုပေါင်းတာဝန်ယူမှုနဲ့ ဖြေရှင်းဆောင်ရွက်ခဲ့ကြတဲ့အတွက် ထိရောက်မှုရှိလှပါတယ်။ နိုင်ငံတော်မှာလည်း မိမိတို့မြို့နယ် အသီးသီး မှာရှိတဲ့ တိုင်းရင်းသားများရဲ့ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှု ကော်မတီကို လျင်မြန်လွယ်ကူစွာ ဖွဲ့စည်းနိုင်ရန် လိုအပ် ပါတယ်။ ဖွဲ့စည်းနိုင်ဖို့လည်း အားပေးရမှာ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်း(၁) ပုဒ်မ ၂၂ (က)အရ တိုင်းရင်းသားများရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။ (ခ) တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည် လေးစားရေးနဲ့ ရိုင်းပင်းကူညီရေးတို့ကို တိုးတက်အောင် ဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပါဝင်တဲ့ Socio Economic Development ခေါ်တဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက် မည်ဆိုတဲ့ အထက်ပါ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၂ (က)(ခ)(ဂ) တို့ကိုလည်း ပြဋ္ဌာန်းချက်နဲ့ အညီ လက်တွေ့အကောင်အထည် ဖော်ဆောင်ရွက်လာသည့် လမ်းစအဖြစ်လည်းကောင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ တစ်ဖက်တစ်လမ်းက အထောက်အကူ ဖြစ်စေမှာဖြစ်ကြောင်း အကြံပြု ဆွေးနွေးလို ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်နယ် တိုင်းဒေသကြီးရှိ အောက်ခြေတွင် တိုင်းရင်းသားစာပေကို လွတ်လပ်စွာ သင်ကြားနိုင်ရန် စီမံပိုင်ခွင့် ရိုးရာယဉ်ကျေးမှု ပွဲတော်များ လွတ်လပ်စွာ ကျင်းပနိုင်ခွင့်၊ ဘာသာရေးပွဲတော်များ လွတ်လပ်စွာ ကျင်းပနိုင်ခွင့် စတဲ့ လုပ်ငန်းများ ကြန့်ကြာမှုမရှိဘဲ

လျင်မြန်လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ပြည်နယ်/တိုင်းအစိုးရအား လုပ်ပိုင်ခွင့်ပေးရန် အမှန်တကယ် လိုအပ်လှပါတယ်။

သို့မှသာ ခေတ်စနစ်နဲ့အညီ ပွင့်လင်းမြင်သာမှုရှိပြီး တိုင်းရင်းသားများရဲ့ အရေးအရာကို လွယ်ကူလျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ သို့မှသာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာတွင်လည်း အပြောမဟုတ်ဘဲ ခေတ်စနစ်နဲ့အညီ လက်တွေ့ကျင့်သုံးလာတယ်လို့ တိုင်းရင်းသားပြည်သူများရဲ့အမြင်မှာလည်း ကြည်လင်လာမှာ ဖြစ်ပါတယ်။ သို့မှသာ တိုင်းရင်းသားလူမျိုးအချင်းချင်း သံသယစိတ်ပပျောက်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာ တည်ဆောက်လာနိုင်မှာ ဖြစ်ပါတယ်။ ယခုဆိုရင် ပြည်နယ်၊ တိုင်းဒေသကြီးများမှာ တိုင်းရင်းသား ဝန်ကြီးများပါ ရှိလာပြီဖြစ်တဲ့အတွက်ကြောင့် ပိုမိုအဆင်ပြေ လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသား ရိုးရာစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အစိုးရများ၌ တင်ပြ ဆောင်ရွက်ခွင့် ရရှိနိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများတွင် တိုင်းရင်းသား ရိုးရာစာပေနှင့်ယဉ်ကျေးမှုအဖွဲ့အား ဖွဲ့စည်းခွင့်မှတ်ပုံတင်ခြင်း (လုပ်ပိုင်ခွင့်)ကို ပြဋ္ဌာန်းသတ်မှတ် ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း တိုင်းရင်းသားရေးရာကော်မတီရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၈။**

**ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေ ဆုတောင်းရင်း ဂါရဝပြုပါတယ်။ ကျွန်တော်သည် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စောဖြူ ဖြစ်ပါတယ်။ ကျွန်တော်ထောက်ခံဖို့အဆိုကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန်၊ (အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာ

ကော်မတီ)က တင်သွင်းတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသား ရိုးရာ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့ ဖွဲ့ခွင့် (လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ သိရှိတဲ့အတိုင်း တိုင်းရင်းသားရိုးရာစာပေဆိုတာ တိုင်းရင်းသားတွေရဲ့ ပြောတဲ့စကားကို အက္ခရာမှာတင်ပြီးတော့ ရေးထားတာကိုခေါ်ခြင်းလို့ လူတိုင်းသိပါတယ်။ ဥပမာအားဖြင့်ဆိုရင် ပါဠိဘာသာစကားကို ဂရမ်မီအက္ခရာနဲ့ရေးရင် ပါဠိစာပေဖြစ်ပါတယ်။ အဲဒီလိုပဲ Roman Letter ရောမအက္ခရာကို အင်္ဂလိပ်ဘာသာစကားဖြင့်ရေးရင် အင်္ဂလိပ်စာပေ ဖြစ်တယ်။ ကချင်ဘာသာစကားကို ရောမအက္ခရာနဲ့သော်လည်းကောင်း၊ ချင်းဘာသာစကားကို ရောမအက္ခရာနဲ့သော်လည်းကောင်း ရေးရင် ချင်းစာပေဖြစ်ပါတယ်။ ရခိုင်စာပေကိုလည်း ရခိုင်စကားကို ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးရင် ရခိုင်စာပေ ဖြစ်ပါတယ်။ ခြုံငုံလို့ပြောရင် ဒီစာပေတွေ၊ မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းရင်းသား လူမျိုးတွေရဲ့စာပေတွေကို တိုင်းရင်းသားလူမျိုးတွေရဲ့ နှလုံးသားနဲ့ စောင့်ရှောက်ထိန်းသိမ်းဖို့ လိုအပ်တယ်လို့ ကျွန်တော်ယူဆပါတယ်။

ဒီနေ့ ဘာအရေးကြီးဆုံးလဲလို့ဆိုရင် ကမ္ဘာမြေပေါ်မှာ ပျောက်ကွယ်လုဖြစ်နေတဲ့ ရိုးရာ စာပေတွေ၊ အနုပညာတွေ မပျောက်ကွယ်ရအောင်၊ ရှင်သန်လာအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ဟာ အရေးကြီးပါတယ်။ အာရှ-ပစိဖိတ်ဒေသ ယူနက်စကိုရုံး ညွှန်ကြားရေးမှူး ချန်ဒန်ရှာဖ က ဘာသာစကားအတွက်၊ ဘာသာစကားဖွံ့ဖြိုးမှုအတွက် ဘာသာစကားစာတမ်းမှာ သူရေးထားတာ ရှိပါတယ်။ ဘာရေးလဲဆိုတော့ ကမ္ဘာပေါ်မှာ ဘာသာစကားတွေ (၆၀၀၀)ကျော် ရှိပါတယ်တဲ့။ အဲဒီ (၆၀၀၀)ကျော်ထဲက (၅၀)ရာခိုင်နှုန်းဟာ ပျောက်နေပါပြီ။ ပျောက်လုနီးပါး ဖြစ်နေပါပြီ။ ကျန်(၄၀)ရာခိုင်နှုန်းက ပျောက်ကွယ်ဖို့ နီးစပ်နေပြီ။ ကျန်(၁၀)ရာခိုင်နှုန်းက လုံလုံခြုံခြုံရှိတယ်လို့ သူက ရေးထားပါတယ်။ အဲဒီတော့ ပျောက်ကွယ်လုနီးဖြစ်နေတဲ့၊ ပျောက်ကွယ် လုနီးပါးဖြစ်နေတဲ့ ဘာသာစကားကတော့ကာ လူနည်းစုတိုင်းရင်းသား လူမျိုးစုတွေရဲ့ စာပေ တွေ ဖြစ်ပါတယ်။ ဒီအနေအထားကို ဘာမှဆောင်ရွက်မှုမရှိလျှင် စာပေတွေဟာ ပျောက်ရင် ပျောက်၊ ပျောက်ချင်သလိုပျောက်၊ လူမျိုးစုတွေရဲ့စာပေဟာ ပျောက်ချင်သလိုပျောက်လို့ အဲဒီလို ထားလိုက်ရင် အဲဒီစာပေဟာ ပျောက်တဲ့အပြင် စကားရော၊ ယဉ်ကျေးမှုရော အားလုံး ပျောက်ကွယ်သွားပါလိမ့်မယ်။ ဘာသာစကား ပျောက်ကွယ်သွားတဲ့အခါ အဲဒီဘာသာ

စကားနဲ့ ဆက်နွယ်တဲ့ အဲဒီလူမျိုးတွေရဲ့ အတွေးအခေါ်၊ ဗဟုသုတတွေ၊ အတွေးအမြင်တွေဟာလည်း အားလုံးဆုံးရှုံးပျောက်ကွယ်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ မိမိတို့ရဲ့ ပျောက်ကွယ်လုဖြစ်နေတဲ့ တိုင်းရင်းသားတွေဟာဆိုရင် ရှမ်း၊ ချင်း၊ ကရင်စသည်အားဖြင့် ဒီလူမျိုးတွေရဲ့ စာပေတွေဟာ ပျောက်ကွယ်လုဖြစ်နေတဲ့ ဘာသာစကားကို ပြန်လည် တိုးတက်အောင်၊ ပြန်လည်ရှင်သန်အောင်၊ ပြန်လည်ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမယ့် တာဝန် ရှိပါတယ်။ အဲဒီတာဝန်ကို တိုင်းရင်းသားလူမျိုးတွေတင်မက နိုင်ငံတော်အစိုးရနှင့်တကွ မျိုးနွယ်စုအားလုံးပါ ထိန်းသိမ်းစောင့်ရှောက်ရမယ့်တာဝန်ရှိပါတယ်။ အာရှ-ပစိဖိတ်ဒေသအတွင်းမှာ ဘာသာစကားတွေကို ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နေတာကို လေ့လာတဲ့အခါမှာ ကမ္ဘောဒီးယားတို့၊ စင်ကာပူ၊ တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ နီပေါ၊ နယူးဇီလန်၊ ဩစတြေးလျ၊ ဖိလစ်ပိုင်စတဲ့ နိုင်ငံတွေဟာ မိမိတို့ရဲ့မိခင်ဘာသာစကားကို အခြေပြုပြီးတော့ အခြားဘာသာစကားကို သင်ကြားနေတဲ့စနစ်ကို ထူထောင်နေကြပါတယ်။ မလေးရှား၊ အင်ဒိုနီးရှား၊ တီမော၊ အာရှ၊ ပစိဖိတ်ဒေသတို့တွင် လက်တွေ့စမ်းသပ်နေကြပါတယ်။ ထိုင်းအမျိုးသား ဘာသာစကားမူဝါဒသစ်မှာလည်း ပညာရေးမှာ တိုင်းရင်းသားဘာသာစကားတွေကို အသုံးပြုဖို့ အားပေးနေတာကို တွေ့ရပါတယ်။ မိခင်ဘာသာစကားကို အခြေပြုပြီးတော့ မိခင်ဘာသာစကားဆိုရင် ကျွန်တော်တို့ပြည်နယ်မှာ ဥပမာဆိုပါစို့ ရခိုင်ပြည်နယ်မှာဆိုရင် ရခိုင်ဘာသာ စကားနဲ့ သင်ကြားတဲ့ စာပေ၊ မိခင်ဘာသာစကားကို အခြေပြုပြီး အခြေခံစာတတ်မြောက်မှု နောက်ထပ် အခြားဘာသာစကားများ သင်ယူတတ်မြောက် ကျွမ်းကျင်မှုများစွာ အထောက်အကူ ပြုပါတယ်။ ဆိုလိုတဲ့အဓိပ္ပာယ်ဟာ မိခင်ဘာသာစကားကိုတတ်ရင် တခြားဘာသာစကားကို တတ်ဖို့လွယ်တယ်။ အဲဒီလိုလွယ်တဲ့အပြင် မိခင်ဘာသာစကားလည်း တတ်တယ်။ တခြားဘာသာစကားလည်း တတ်တယ်။ အဲဒီလို တတ်ရင် တိုင်းပြည်အတွက် စီးပွားရေး၊ လူမှုရေးတွေမှာ အထောက်အကူအများကြီး ပြုနိုင်တယ်လို့ ဆိုထားပါတယ်။ ကျွန်တော်တို့ အာရှတိုက်မှာ သင်ကြားနေတဲ့ ဘာသာစကားတွေကို ကြည့်တဲ့အခါ (၃၇၄၁)ခု ရှိတာကို တွေ့ရပါတယ်။

ဒါပေမဲ့ ဒီကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးနွယ်စုရဲ့ လူမျိုးနွယ်အငယ်ကလေးတွေရဲ့ ဘာသာစကားတွေဟာ တဖြည်းဖြည်း၊ တဖြည်းဖြည်း ကမ္ဘာမြေပေါ်က ပျောက်ကွယ်နေပါတယ်။ တစ်နှစ်မှာ အနည်းဆုံး တစ်ရာနီးပါး ပျောက်ကွယ်တယ်လို့ စာအုပ်တွေမှာ တွေ့ရပါတယ်။ ဒီလိုပျောက်ကွယ်တာဟာ ဘာသာစကားကြီးရဲ့ လွှမ်းမိုးမှုကြောင့် ဖြစ်ပါတယ်။

ဘာသာစကားကြီးကို ပိုင်ဆိုင်တဲ့ လူမျိုးကြီးတချို့တွေဟာ ဘာသာငယ်၊ စကားငယ်၊ လူမျိုးငယ်တွေရဲ့ စကားတီထွင် ဖန်တီးမှု၊ ထွန်းကားလာမှုကို မနာလိုဖြစ်တတ်တဲ့ သဘောတရား ရှိကြပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံမှာတော့ ဒီလိုရှိလိမ့်မယ်လို့ မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မကြာသေးမီက ဆို၊ က၊ ရေး၊ တီး ကို ကိုယ့်ပြည်နယ်တွေမှာ လုပ်ပိုင်ခွင့် ပေးထားတဲ့အတွက်ကြောင့် အစိုးရကို အလွန်တရာ ချီးကျူးဂုဏ်ပြုပါတယ်။ ယခုအခါမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ ဆိုတာ ရှိပါတယ်၊ ကမ္ဘာမှာ။ (၂၀)ရာစုအကုန်မှာ လူမျိုးငယ်တွေရဲ့ ဘာသာစကား မပျောက်ကွယ် ရရေးအတွက် မဟာဗျူဟာ ချမှတ်ပြီးတော့ ထိန်းသိမ်းဖို့ ကြိုးစားနေကြပါတယ်။ အိန္ဒိယမှာဆိုရင် ကျောင်းတွေမှာ ပဉ္စမတန်းမှ နဝမတန်းအထိ ဟိန္ဒီဘာသာနဲ့ အင်္ဂလိပ်ဘာသာအပြင် တတိယဘာသာစကား တစ်ခုကို သင်ကြားနေတာကို တွေ့ရပါတယ်။ အိန္ဒိယဖွဲ့စည်းပုံအခြေခံဥပဒေအရ ဟိန္ဒီ၊ အာသံ၊ တမီးလ်၊ မဏိပူရီ၊ အူရဒူ၊ နီပါလီ စတဲ့ ဘာသာ(၂၂)မျိုးကို ဥပဒေအရ အတည်ပြုထားတာကို တွေ့ရပါတယ်။

အဲဒီအထဲမှာ ဘာသာတစ်ခုခုကို သင်ကြားနေခြင်းဟာ၊ အဲဒီအထဲကဆိုတာ လူမျိုးစုတွေကို ပြောတာပါ။ လူမျိုးစုထဲက ဘာသာတစ်ခုခုကို သင်ကြားနေခြင်းဟာ လူနည်းစု တိုင်းရင်းသားတွေရဲ့ ဘာသာစကားတွေကို မပျောက်အောင် ထိန်းသိမ်းဖို့အတွက် ဖြစ်ပါတယ်။ ထို့အတူ အိန္ဒိယသမ္မတကို အိန္ဒိယရဲ့ဘယ်ပြည်နယ်မှာမဆို လူမျိုးစုတိုင်းရင်းသား ဘာသာစကား တိမ်ကောပျောက်ကွယ်မည့် အနေအထား ရှိလာရင်ဖြစ်စေတဲ့၊ ဒါမှမဟုတ် လိုအပ်ရင်ဖြစ်စေ မူလတန်းပညာရေးမှာ လူမျိုးစု တိုင်းရင်းသား ဘာသာစကား သင်ကြားဖို့ ညွှန်ကြားနိုင်တဲ့ အာဏာကို သမ္မတကို ပေးထားတယ်လို့ သိရပါတယ်။ ဒါဟာ ဟိန္ဒီနဲ့ အင်္ဂလိပ်ဘာသာ စကားတွေက အိန္ဒိယမှာရှိတဲ့ တခြားလူမျိုးငယ်တွေရဲ့ ဘာသာစကားတွေကို လွှမ်းမိုးသွားမည့် အန္တရာယ်ကို ကာကွယ်ခြင်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း သက်ဆိုင်ရာ လူမျိုးစုအလိုက် ရိုးရာစာပေ မပျောက်ပျက်ရအောင် ကာကွယ်ထိန်းသိမ်းရန် လိုအပ်တယ်လို့ ယုံကြည်ပါတယ်။ တစ်ချိန်က ယဉ်ကျေးမှုမြင့်မားတဲ့ ပျူလူမျိုးတို့ရဲ့ ဘာသာစကားဟာ ပျောက်ကွယ်နေပါပြီ။ ယခု ရှာဖွေနေရပါပြီ။ ဒါကြောင့် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ

ပြည်နယ်၊ စာသင်ကျောင်းများတွင် တိုင်းရင်းသားများရဲ့ ဘာသာ၊ စာပေကို အနည်းဆုံး သူငယ်တန်းမှ လေးတန်းအထိ သင်ကြားသင့်တယ်လို့ ယူဆပါတယ်။

မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံဥပဒေပုဒ်မ ၂၂ တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို တိုးတက်စေရန် ဟူ၍လည်းကောင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း၊ ပုဒ်မ ၃၆၅ တွင် နိုင်ငံသားတိုင်းသည် ဥပဒေနဲ့အညီ မိမိတို့ မြတ်နိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု ၊ အနုပညာ၊ ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်နိုင်ခွင့်ရှိသည်ဟူ၍လည်းကောင်း၊ နိုင်ငံတော်သမ္မတကလည်း (၆၅)ကြိမ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှာ တိုင်းရင်းသားလူမျိုးတို့ရဲ့ ဓလေ့ထုံးစံ၊ စကား၊ စာပေ၊ ဂီတ၊ အနုပညာတို့ကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်းကိုလည်းကောင်း ဖော်ပြပြဋ္ဌာန်းခဲ့တာကို တွေ့ရပါတယ်။

အဲဒီအထက်ပါ ပုဒ်မတို့နဲ့ သမ္မတကြီးရဲ့ သဝဏ်လွှာအပေါ်မှာ အခြေခံပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတို့က တိုင်းရင်းသားရိုးရာစာပေနဲ့ ယဉ်ကျေးမှုတို့ကို ဆောင်ရွက်ရန်အတွက် စာပေနဲ့ယဉ်ကျေးမှုအဖွဲ့တို့အား ဖွဲ့ခွင့်၊ ဖွဲ့စည်းခွင့်၊ လုပ်ပိုင်ခွင့်၊ ပြဋ္ဌာန်းသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးပြီး နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၄း၀၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၁။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကျန်းမာ ရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသား ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းမှတ်ပုံတင်ခြင်း(လုပ်ပိုင်ခွင့်)ကို ပြဋ္ဌာန်း သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေး သွားပါမယ်။ ဖတ်ကြားဆွေးနွေးခွင့်ပြုရန် ဥက္ကဋ္ဌကြီးကို ခွင့်တောင်းအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခက်ထိန်နန် ဟာ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာ ကော်မတီ၊ အတွင်းရေးမှူးဖြစ်ပြီး၊ ပြည်သူ့လွှတ်တော်၊ တိုင်းရင်းသားရေးရာနဲ့ ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနဲ့ အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီတို့ ပူးပေါင်းတဲ့အဖွဲ့၊ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ ဒီအဆိုကို တင်တာဟာ အဲဒီအဖွဲ့ရဲ့ ကိုယ်စားလည်း ဖြစ်ပါတယ်။ အဲဒီအဖွဲ့ဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များကို အတော်များများကို အားလုံးနီးပါးလောက်ကို လှည့်လည်ပြီးတော့ အောက်ခြေမှာ ဆန္ဒခံယူတယ်။ နောက် အမြင်၊ ပြည်သူတွေရဲ့ အမြင်၊ တိုင်းရင်းသားများတို့ အမြင်ကိုလည်း နားထောင်ခဲ့တယ်။ စုဆောင်းခဲ့တယ်။ အဲဒီအမြင်နဲ့ ဆန္ဒတွေကို အခြေခံပြီးတော့ တင်ပြထားတဲ့ အဆိုတစ်ခု ဖြစ်ပါတယ်။

တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုများ မှတ်ပုံတင်တဲ့ကိစ္စမှာ တကယ်လည်း အခက်အခဲ ရှိခဲ့ပါတယ်။ အဲဒီအခက်အခဲကြောင့် ဒီတိုင်းရင်းသား စာပေ၊ ယဉ်ကျေးမှု တိုးတက်ရေး၊ ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေး အဲဒီလိုလုပ်ဖို့အတွက် အဖွဲ့အစည်းတွေမှာ အခက်အခဲ ရှိတဲ့အတွက်ကြောင့် အဲဒီလုပ်ငန်းမှာလည်းပဲ ထိခိုက်မှု ရှိခဲ့ပါတယ်။ ဒီအဆိုဟာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တို့ကို ပြည်ထောင်စုအစိုးရက တာဝန်ခွဲဝေပေးသလိုလည်း ဖြစ်တယ်။ အခွင့်အာဏာကို လွှဲပေးသလိုလည်း ဖြစ်တယ်။ တကယ်မှာဆိုတော့ ကျွန်တော်တို့ဟာ ဒီကိစ္စတစ်ခုတည်းနဲ့ မဟုတ်ဘူး။ ကျွန်တော်တို့ ဒီ ဗဟိုအစိုးရအနေနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကို တာဝန်ခွဲဝေနိုင်သလောက်၊ အာဏာလွှဲပေးနိုင်သလောက် လွှဲပေးဖို့ပါ။ အင်မတန်မှ သင့်တော်ပါတယ်။ အခု ဒီကိစ္စမှာ ဦးခက်ထိန်နန် တင်ပြထားတဲ့ တိုင်းရင်းသား စာပေနဲ့ ယဉ်ကျေးမှုလုပ်ငန်းမှာလည်းပဲ ဒီဗဟိုချုပ်ကိုင်မှုကို လျှော့ချပြီးတော့ ဒီတိုင်းဒေသကြီး/ ပြည်နယ်ကို အာဏာခွဲဝေ လွှဲပေးဖို့ဆိုတဲ့အပိုင်း ဖြစ်ပါတယ်။ ဒါဟာ လုပ်ငန်းကို

ချောမောပြေလည်စေဖို့လည်း ဖြစ်တယ်။ မလိုအပ်တဲ့ တိုင်းရင်းသားမှာ ကြုံတွေ့နေရတဲ့ အခက်အခဲ၊ မလိုအပ်တဲ့ အချိန်ကုန်ခံရတာတို့ကို ရှောင်လွှဲနိုင်မယ်လို့ ကျွန်တော် မြင်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂၊ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)နဲ့လည်း ကိုက်ညီပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှု ထိန်းသိမ်းရေး၊ တိုင်းရင်းသားတို့ရဲ့ အခက်အခဲကို ဖြေလျှော့နိုင်ရေး၊ တိုင်းရင်းသားတို့ရဲ့ စာပေ၊ ယဉ်ကျေးမှု ထိန်းသိမ်းရေး၊ တိုးတက်ရေးအတွက်ကို အကျိုးပြုတဲ့ အဆိုတစ်ခု၊ ဦးခက်ထိန်နန် ယခုလို တင်တဲ့အဆိုကို ကျွန်တော် အလေးအနက် ထောက်ခံပါကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၀၅။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၀၅။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် မှ ရိုသေဂါရဝပြုအပ်ပါတယ် ခင်ဗျား။

ကျွန်တော် ဒီကနေ့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခက်ထိန်နန် ၂၃-၁၀-၂၀၁၂ မှာ တင်သွင်းသွားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသား ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား စာဖြင့် ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် မေတ္တာရပ်ခံပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိကြတဲ့ နိုင်ငံဖြစ်ပါတယ်။

အစိုးရ ထုတ်ပြန်တဲ့ ကိန်းဂဏန်းများအရ လူမျိုး(၁၃၅)မျိုးရှိတယ်လို့ ဆိုပါတယ်။ ဒီလူမျိုးစုတွေဟာ တိုင်းနှင့်ပြည်နယ်များရှိ ဒေသအသီးသီးမှာ နေထိုင်လျက်ရှိကြပါတယ်။ လူမျိုးတိုင်း၊ လူမျိုးတိုင်းမှာ မတူကွဲပြားတဲ့ ရိုးရာစာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်တဲ့ ဘာသာအသီးသီး ရှိကြပါတယ်။ လူမျိုးတိုင်း၊ လူမျိုးတိုင်းဟာ မိမိတို့ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို အမြတ်တနိုး ရှိကြတယ်ဆိုတာ ဓမ္မတာပါပဲ။

ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှာ နေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားလူမျိုးအသီးသီးဟာ မိမိတို့ရဲ့ ရိုးရာယဉ်ကျေးမှုပွဲလမ်းသဘင်များကို ပြုလုပ်ကျင်းပလိုကြပါတယ်။ ဒီလို ရိုးရာယဉ်ကျေးမှုဆိုင်ရာ ပွဲလမ်းများ၊ အဖွဲ့အစည်းများ၊ ဘာသာရေးဆိုင်ရာ ပွဲလမ်းများကို ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဖွဲ့စည်းလျက် လုပ်ဆောင်ကြရပါတယ်။

ဒီအဖွဲ့အစည်းများဟာ တရားဝင် လွတ်လပ်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနမှာ မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းတို့ကို ပြုလုပ်ကြရပါတယ်။ ဒီလိုပြုလုပ်ကြရတဲ့အခါ ဝေးလံခေါင်သီတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းတွေအတွက် အချိန်ကြန့်ကြာခြင်း၊ ငွေကြေးအကုန်အကျများခြင်းစတဲ့ အခက်အခဲများနဲ့ ရင်ဆိုင်ကြုံတွေ့ကြရပြီး အချို့ကိစ္စတွေမှာ အချိန်မမီ၍ မဆောင်ရွက်လိုက်ရခြင်း စတဲ့ အခက်အခဲများနဲ့ ကြုံတွေ့ကြရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၂(က)တွင် နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု တို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၅၄(ဂ)တွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများကို ဖွဲ့စည်းဆောင်ရွက်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပြီး၊ ပုဒ်မ ၃၆၅ တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုး ထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့် ရှိသည်။ ယင်းသို့

ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန် ရှောင်ကြဉ်ကြရမည်။

ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသားလူမျိုး တစ်မျိုးကိုဖြစ်စေ၊ လူမျိုးများကို ဖြစ်စေ၊ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်ရာ သက်ဆိုင်သူအချင်းချင်း ညှိနှိုင်း၍ ပြေလည်မှု ရရှိပြီးမှသာ ဆောင်ရွက်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုများအနေနဲ့ မိမိတို့ရိုးရာဓလေ့၊ စာပေ၊ ယဉ်ကျေးမှုနဲ့ ဘာသာရေးဆိုင်ရာ လုပ်ငန်းများ၊ အခမ်းအနားများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပေးထားသော်လည်း နည်းဥပဒေ လုပ်ထုံး၊ လုပ်နည်းများအရ တရားဝင် လွတ်လပ်စွာ ဖွဲ့စည်းရပ်တည်လုပ်ဆောင်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာနမှာ လာရောက်မှတ်ပုံတင်ရခြင်း၊ သက်တမ်းတိုးမြှင့်ရခြင်းတို့ကို လုပ်ဆောင်ကြရတဲ့အတွက် ဝေးလံခေါင်သီတဲ့ တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးစုများအတွက် သွားရေး၊ လာရေးခက်ခဲခြင်း၊ အချိန်ကြန့်ကြာခြင်း၊ အလုပ်အကိုင်များ မအားမလပ်ခြင်း၊ ငွေကြေးအကုန်အကျများခြင်း စတဲ့ အခက်အခဲများကြောင့် မိမိတို့ရဲ့ ရိုးရာဓလေ့များ၊ ဘာသာရေးဆိုင်ရာ ပွဲလမ်းများ၊ ရိုးရာနေ့ထူးနေ့မြတ် အခမ်းအနားများ၊ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများကို လုပ်ဆောင်ရာမှာ အခက်အခဲများ ရှိနေကြရပါတယ်။

ဒါကြောင့် ဒီရိုးရာဓလေ့ဆိုင်ရာ အခမ်းအနားများ၊ ဘာသာရေးဆိုင်ရာ ပွဲလမ်းအခမ်းအနားများ၊ စာပေနဲ့ ယဉ်ကျေးမှုဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်နေကြသော တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့များ၊ မိမိတို့နေထိုင်ရာ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများထံတွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခြင်းများ လုပ်ပိုင်ခွင့်ကို ပြဋ္ဌာန်းပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၄း၁၁။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၁။**

**ဦးစောထွန်းမြအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါလို့ ဦးစွာ နှုတ်ဆက်ပါရစေ။ ကျွန်တော်တို့ ဒီအဆိုနဲ့ ပတ်သက်ပြီးတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများတွင် တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှု ဖွံ့စည်းခွင့်၊ လုပ်ပိုင်ခွင့်နဲ့ ပတ်သက်ပြီးတော့ နည်းနည်းလေး ဆွေးနွေးလိုပါတယ်။

အဓိကအချက်က (၁)က မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပုဒ်မ ၃၆၅ မှာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့မြတ်နိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ ၊ ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ပြုစုပျိုးထောင်ခွင့်ရှိသည်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမှု မရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့ ဆောင်ရွက်သည့် အခြားတိုင်းရင်းသားလူမျိုး တစ်မျိုးမျိုးကို ဖြစ်စေ၊ လူမျိုးများကို ဖြစ်စေ ထိခိုက်နစ်နာစေလျှင် သက်ဆိုင်သူများ အချင်းချင်းညှိနှိုင်း၍ ပြေလည်မှု ရရှိမှသာ ဆောင်ရွက်ခွင့် ရှိသည်ဆိုတာ ဒါ ကျွန်တော်တို့ ပုဒ်မ ၃၆၅ မှာ အတိအလင်း ဖော်ပြထားတယ်။

အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော် အချက်(၂)ချက် ဒါ တိုတိုလေး တင်ပြလိုပါတယ်။ ဒီအသင်းနဲ့ ပတ်သက်ပြီးတော့ ဖွဲ့စည်းမှုအပိုင်းမှာ မြို့နယ်အဆင့်ဆိုလို့ရှိရင် မြို့နယ်ထွေအုပ်၊ အခုတော့ မြို့နယ်ဦးစီးမှူးက ဒါ တာဝန်အရှိဆုံးပဲ၊ အသိဆုံးပဲ။ ထို့အတူ ခရိုင်မှာလည်း ခရိုင်ဦးစီးမှူးက တာဝန်အရှိဆုံး၊ တာဝန် အသိဆုံးပဲ။ ထို့အတူပဲ ပြည်နယ်မှာ လည်း ပြည်နယ်ဦးစီးမှူးက အုပ်ချုပ်ရေးမှူးက တာဝန်အရှိဆုံး၊ တာဝန် အသိဆုံးပဲ။ ထို့အတူ နိုင်ငံတော်အနေနဲ့ဆိုလို့ရှိရင်လည်း ကျွန်တော်တို့ (၁) နိုင်ငံတော် ရှေ့နေချုပ်၊ နိုင်ငံတော် တရားသူကြီးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နောက်တစ်ခါ ကျွန်တော်တို့ ဒီကနေပြီးတော့ ဒါကို တာဝန်အရှိဆုံး ဖြစ်ပါတယ်။

ဘာဖြစ်လို့ ကျွန်တော် ဒါ တင်ပြရသလဲဆိုတော့ ကျွန်တော် သာသနာရေးဌာနမှာ နေခဲ့တုန်းက တကယ့်ကို ခက်ခဲတဲ့ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော် နယ်စပ်နှင့် တောင်တန်းဒေသ၊ သာသနနုဂ္ဂဟအသင်းကို ကျွန်တော် စပြီးတော့ တာဝန်ပေးတဲ့အခါမှာ ကျွန်တော်(၂)နှစ် လုပ်ရပါတယ်။ အဲဒီတော့ ဘာလဲဆိုတော့ အမြဲတမ်း ခုနကလိုပေါ့။ ဒီအလုပ်က တစ်ဖက်၊ ရုံးလုပ်ငန်းက တစ်ဖက်၊ နယ်စပ်ကို သွားတဲ့ တစ်ဖက်ကျတော့၊ (၂)နှစ်ကြာတဲ့အခါကျမှ ဝန်ကြီးက ဟာ-မလုပ်တော့ဘူး။ ဒါ မေးနေပြီ၊ မေးနေပြီ ဆိုတာနဲ့ အားချင်းလုပ်တဲ့အခါမှာ ပထမဦးဆုံးအချက်ကတော့ စီမံချက်၊ စီမံချက်ကိုက ကျွန်တော်တို့ ဒီနိုင်ငံတော် ရှေ့နေချုပ်နဲ့ တက်လိုက်၊ ဆင်းလိုက်နဲ့က (၃၊ ၄)လ ကြာတယ်။ မြန်တာတော့ နိုင်ငံတော်တရားသူကြီးချုပ် ဦးအောင်တိုး နဲ့ကျတော့ မြန်တယ်။ ဘာမှ ခုနကလိုပေါ့။ တစ်ပတ်အတွင်း ပြီးသွားတယ်။ နောက်တစ်ခါ ဘာလဲဆိုတော့ ပြည်ထဲရေးဝန်ကြီးကလည်း မြန်တယ်။ သူလည်း သိပြီးသားဆိုတော့၊ ဒါ ထောက်ခံချက် လိုတယ်။

နောက်တစ်ခါက ဘာမှာ နည်းနည်းလေး ကြာလဲဆိုတော့ ကျွန်တော်တို့ ဒီအချက်အလက်တွေ စုံတဲ့အခါမှာ တရားရုံး စစ်ဆေးချက်ဆိုတာက တရားရေး ထောက်ခံချက်၊ တရားရုံး ထောက်ခံချက်၊ မြို့နယ်မှာပဲဖြစ်ဖြစ်၊ ခရိုင်မှာပဲဖြစ်ဖြစ်၊ ပြည်နယ်မှာပဲ ဖြစ်ဖြစ်၊ နိုင်ငံတော်မှာပဲ ဖြစ်ဖြစ်၊ အဲဒီတော့ ကျွန်တော်က ဘာလုပ်လဲဆိုတော့ အဲဒါကို ရန်ကုန်တိုင်းပြန်၊ ရန်ကုန်တိုင်းပြန်ပြီးတော့ ဒါကို တရားရုံး ထွက်ဆိုချက်ကို သွားယူရတယ်။ ယူရပြီးတော့ အဲဒါကို (၁)က တရားလို၊ တရားပြိုင် ဒီကော်မတီထဲမှာ ပါတဲ့လူ၊ ဒါပြီးလို့ရှိရင် ဘာလဲဆိုတော့ တစ်ပတ်တိတိ ကြေညာရတယ်။ ကန့်ကွက်မည့်သူ ရှိလား၊ ကန့်ကွက်မည့်သူ ရှိလားလို့၊ အဲဒါပြီးတဲ့အခါကျတော့ ဒါ နိုင်ငံတော်အဆင့်အထိ ဆိုတော့ နိုင်ငံတော်အစိုးရဆီကို တင်တယ်။ တင်ပြီးတော့ ဒါတွေကို ခုနကလို အကုန်လုံးပြီးလို့ရှိရင် နိုင်ငံတော် ခုနကလိုပေါ့။ အကြီးအကဲကနေပြီးတော့ ဒါ လက်မှတ်ထိုးပြီးတော့ ထုတ်လိုက်တယ်။ ထို့အတူပဲ မြို့နယ်မှာလည်း ဒီပုံစံပဲ၊ ခရိုင်မှာလည်း ဒီပုံစံပဲ။ ပြည်နယ်မှာလည်း ဒီပုံစံပဲ။

အခု ဒါကြောင့်မို့လို့ ကျွန်တော် တင်ပြလိုတာကတော့ လက်ရှိ ကျွန်တော်တို့ ခုန အဆိုတင်သွင်းသွားတဲ့ဟာ ကျွန်တော်တို့ ပြည်နယ်နဲ့တိုင်း သွားတဲ့အခါမှာ တိုင်းရင်းသားတွေ၊ လွှတ်တော်အမတ်တွေက တင်ပြရတာပါ။ အများအားဖြင့် ပြောလို့ရှိရင်တော့ ပြည်နယ်အဆင့်မှာ

ရှိတဲ့ ထွေအုပ်နဲ့ အုပ်ချုပ်ရေးမှူးနဲ့ ထိထိမိမိ တွေ့ပြီးတော့ ဒါ ဒီလိုရှိတယ်၊ ဒီလိုရှိတယ်၊ ကျွန်တော်တို့ကို နည်းလမ်းပြမယ်ဆို ဒါပြီးသွားပြီ။ ဒီလိုတောင် တင်စရာမလိုဘူး။ အဲဒီတော့ ကျွန်တော် ပြောချင်တာက ပြည်နယ်နဲ့ပတ်သက်လို့ ပြောရမယ်ဆိုလို့ရှိရင်တော့ ပထမဆုံး တိုင်းရင်းသားရေးရာနဲ့ ပတ်သက်ပြီးတော့၊ စာပေ၊ ယဉ်ကျေးမှုနဲ့ ပတ်သက်ပြီးတော့ (၁) စီမံချက် ရှိရမယ်။ (၁) မဖြစ်မနေ လုပ်ရမှာ။ ပြီးလို့ရှိရင် ပြည်နယ်ရှေ့နေချုပ်ကို တင်ရမယ်။ ပြီးရင် ပြည်နယ်တရားသူကြီး ထောက်ခံချက် ရ ရမယ်။ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲ့ ထောက်ခံချက် ရရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက ဒီကော်မတီမှာပါတဲ့ လူတွေကို သူက BSI လိုက်တာ၊ ပြုတာတွေဟာ SB ရှိတယ်၊ ကျွန်တော်တို့ ရဲ ရှိတယ်။ အဲဒါပြီးလို့ရှိရင် ပြည်နယ်တရားရုံးမှာ ထွက်ဆိုချက် ရယူရမယ်။ (၁)က တရားလို၊ တရားပြိုင် လုပ်ပြီးတော့ ကိုယ့်ကော်မတီကို၊ အဲဒါပြီးရင် အဲဒါ ရပြီးလို့ဆိုလို့ရှိရင် (၁)ပြည်နယ်အစိုးရဆီကို ဒါက ပြည်နယ်အစိုးရအစည်းအဝေးမှာ Cabinet မှာ ဒါက ဆုံးဖြတ်ချက်၊ ဒါက(၁)က ရှေ့နေချုပ်က အဓိက၊ (၂)တရားသူကြီး၊ နောက်တစ်ခါ ပြည်နယ် ရဲတပ်ဖွဲ့မှူး၊ ပြီးရင် ထွေ/အုပ်မင်းကြီး၊ ဒါက ပြည့်စုံသွားပြီးလို့ရှိရင် ပြည်နယ် ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးလိုက်တယ်။ မရ မရှိဘူး။ ဒါ Procedure တော့ သိဖို့အရေးကြီးတယ်။ အခု ကျွန်တော်တို့ ပြောနေတာ Procedure မသိတဲ့ အခါကျတော့ ကြာတော့ကြာပါတယ်။ ကျွန်တော် ပြောတာ (၂)နှစ်ကြာပါတယ်။ ကျွန်တော်က အလုပ်တစ်ဖက်နဲ့၊ ဘာနဲ့။

ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ တင်ပြချင်တာက ဒီအပိုင်းမှာ ဒါက ပြည်နယ်အဆင့်၊ နိုင်ငံတော်အဆင့် တစ်ပြည်လုံးအဆင့် ဖြစ်လာပြီ နိုင်ငံတော်အဆင့် ဆိုတဲ့ အပိုင်းကျတော့ ဘာလဲ ဆိုတော့ နိုင်ငံခြားရေးရုံးက ပါလာတယ်။ ဘာလဲဆိုတော့ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ ဆိုတော့ တရုတ်နဲ့ နီးစပ်လျှင် တရုတ်ပြည်က ယဉ်ကျေးမှုနဲ့ ဆက်စပ်ရင်ဆက်မယ်။ ဒါ ပြည်နယ်ချင်းနော်။ ထိုင်းနဲ့နီးစပ်လို့ ထိုင်းယဉ်ကျေးမှုထိစပ်ပြီး သွားကပ်ခံဖို့လိုပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဖိလစ်ပိုင်ဒေသမှာ ဆိုရင်လည်း ဒါ အိမ်နီးနားချင်း ခုနလိုပေါ့။ မလေးရှားတို့ ဘာတို့ ကျွန်တော်တို့ ရိုးရာယဉ်ကျေးမှု ထိတွေ့မှုရှိတယ်။ အဲဒါမျိုးကျတော့ နိုင်ငံတော်အဆင့်မှာ နိုင်ငံခြားရေးဝန်ကြီးဌာနကတစ်ဆင့် Pass ဖြစ်ရပါမယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော် တင်ပြလိုတာကတော့ ဒါကို ကျွန်တော်တို့အနေနဲ့ ပြည်နယ်နဲ့ တိုင်းသွားတဲ့အခါမှာ

ဒါတွေကို သူတို့က လိုအပ်ချက်တွေကို ကျွန်တော်တို့က ရှင်းပြပါတယ်။ သိတဲ့လူက ကျွန်တော်တို့ ဒီလိုရှိတယ်။ ခင်ဗျားတို့၊ ဒါ ပြည်နယ်ကလုပ်ရင် ကိုယ့်ပြည်နယ်အတွက်ဆိုရင် ပြည်နယ်က လုပ်လို့ရတယ်။ မိမိခရိုင်အတွင်းမှာ ခရိုင်မှာ လုပ်လို့ရတယ်။ မြို့နယ် စာပေယဉ်ကျေးမှု အသင်းအဖွဲ့၊ ကျွန်တော်ပြောတဲ့ အဲဒီ Procedure နဲ့ လုပ်၊ ခင်ဗျား မရ မရှိဘူး။ ဒါကြောင့် ကျွန်တော်ကိုယ်တိုင် ခုနလိုပေါ့ ထဲထဲဝင်ဝင်လုပ်ခဲ့တဲ့အတွက်ကြောင့် အားလုံးအဆင်ပြေ ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ ကျွန်တော်တို့တွေ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ သဘောထား မှတ်ချက်နဲ့ ပြည်သူ့လွှတ်တော်ရဲ့ ကိုယ်စားလှယ်များ သဘောထားမှတ်ချက်ကို နားထောင် သင့်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

**အချိန်၊ ၁၄း၁၈။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၁၈။**

**ဦးဂမ်ဆိုင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့်တကွ အထူးဖိတ်ကြားပြီးတော့မှ တက်ရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ ကိုယ်စိတ် နှစ်ပါး ကျန်းမာ၍ ချမ်းသာကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဂမ်ဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၂၃-၁၀-၂၀၁၂ ရက်နေ့မှာ ကျွန်တော်တို့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန် ကနေပြီးတော့ တင်သွင်းထားတဲ့ အဆိုဖြစ်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသားရိုးရာစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့်ကို (လုပ်ပိုင်ခွင့်)ကို ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ယခုလိုပဲ ထောက်ခံဆွေးနွေးခွင့် ရရှိတဲ့ အတွက်ကြောင့်လည်းပဲ များစွာ ဝမ်းသာဂုဏ်ယူမိကြောင်းလည်း ပဏာမ ပြောကြားလို ပါတယ်။ ကျွန်တော်အနေနဲ့ ဆွေးနွေးဖို့ ဆိုတဲ့နေရာမှာ စောစောပိုင်းမှာ ကျွန်တော် မဆွေးနွေး ခင်က အစောပိုင်းမှာ ကိုယ်စားလှယ်တော်ကြီးများ ဆွေးနွေးသွားတဲ့အထဲမှာ တစ်ထပ်တည်း

ဖြစ်တဲ့အတွက်ကြောင့် တော်တော်များများဟာ အဲ ကျွန်တော် ထိန်ချန်ထားပြီးတော့မှ လိုရင်း အချက်(၃)ချက်လောက်နဲ့ပဲ ကျွန်တော်လိုရင်းတိုရှင်းပဲ အချိန်ကိုင့်ညှာသောအားဖြင့် ဆွေးနွေး သွားမှာ ဖြစ်ပါတယ်။ ပထမအချက်ဟာ ကျွန်တော်တို့ တိုင်းဒေသကြီး ပြည်နယ် အသီးသီးတွင် နေထိုင်ကြလျက်ရှိတဲ့ တိုင်းရင်းသားလူမျိုးများဟာ မိမိရဲ့ ရိုးရာ၊ စာပေ၊ ယဉ်ကျေးမှုပွဲများ၊ ကိုးကွယ်သည့် ဘာသာ၊ သာသနာပွဲများနှင့် ဓလေ့ထုံးတမ်းအရ ပြုလုပ်တဲ့ မိရိုးဖလာ နတ်ချော့ပွဲများကိုလည်းပဲ လွတ်လွတ်လပ်လပ် လုပ်ကိုင်ဖော်ဆောင်လျက် ကျွန်တော်တို့ တိုင်းရင်းသားများ၊ မိမိတို့ရဲ့ တိုင်းရင်းသားရိုးရာ၊ စာပေ၊ ယဉ်ကျေးမှုအဖွဲ့မှ ဦးဆောင်လျက် နှစ်စဉ်နှင့်အမျှ ဆောင်ရွက်လျက်ရှိတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ Constitution အခြေခံဥပဒေမှာလည်းပဲ ကျွန်တော်တို့ စောစောက ကိုယ်စားလှယ်များ ဆွေးနွေးသွားတဲ့အတိုင်းပါပဲ ကျွန်တော် အထူးမဆွေးနွေးတော့ပါဘူး။ ကျွန်တော် ပုဒ်မ ၂၂ နဲ့ ကျွန်တော် အပိုဒ်(က)၊ (ခ)မှာလည်းပဲ ဖော်ပြထားပြီး ဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ တိုင်းရင်းသားများရဲ့ ရိုးရာ၊ စာပေ၊ ယဉ်ကျေးမှု အဖွဲ့ရဲ့ ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) မဖြစ်မနေ ကူညီပံ့ပိုးပေးရမယ့် တာဝန်ဟာလည်း ကျွန်တော်တို့ ကနေ့ ဒီမှာ တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်လည်း ဖြစ်ပါတယ်လို့ပဲ ကျွန်တော် ယူဆမှာ ဖြစ်ပါတယ်။ အလားတူပဲ ကျွန်တော်တို့ တရားဝင်ဖွဲ့စည်းထားတဲ့ ရရှိပြီးတဲ့ စာပေ၊ ရိုးရာ၊ ယဉ်ကျေးမှု ကော်မတီများ၊ အဖွဲ့အစည်းများ၊ တရားဝင်မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း တို့ကို ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် တင်ပြရာတွင်လည်းပဲ ကြန့်ကြာမှုများ ရှိနေခြင်း၊ ခရီးဝေး၊ အလှမ်းဝေးတဲ့နေရာက နယ်စပ်ဒေသတိုင်းရင်းသား လူမျိုးများ သွားလာရေးခက်ခဲမှုကတစ်ကြောင်း၊ အကုန်အကျများခြင်းကတစ်ကြောင်း အစရှိသော အခက်အခဲများ ကြုံတွေ့ရတာကိုလည်းပဲ လေ့လာတွေ့ရှိရပါတယ်။

အချို့တိုင်းရင်းသားများ၊ လူမျိုးများဆိုရင်လည်းပဲ စာပေ၊ ယဉ်ကျေးမှု အဖွဲ့အစည်း ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေအရ ဖွဲ့စည်းခွင့်ပြုရန် လျှောက်ထားရမယ် ဆိုတာလည်း တချို့ နားမလည်သေးတဲ့ တိုင်းရင်းသား အဖွဲ့အစည်းလည်း ရှိပါသေးကြောင်းလည်း လေ့လာတွေ့ရှိ ရပါတယ်။

ဒါတွေဟာ ကျွန်တော်တို့ အတွေ့အကြုံအရ ပြောမယ်ဆိုရင် ကျွန်တော်တို့ဒေသတွေမှာ မိမိစောစောက ပြောသွားတဲ့အတိုင်းပဲ တိုင်းရင်းသားလူမျိုးများ ကျွန်တော်တို့ ပြည်ထောင်စုအတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများ အားလုံးဟာ မိမိရဲ့ စာပေ၊ ရိုးရာ၊ ယဉ်ကျေးမှု ဓလေ့ ရှိတယ်ဆိုတာလည်း လက်ခံသလို၊ မိမိရဲ့ တရားဝင် ပြည်ထောင်စုကနေပြီးတော့ ဖွဲ့စည်းပြီးတော့မှ အဖွဲ့အစည်း တရားဝင်ဖွဲ့စည်းပြီး လုပ်ကြရမယ် ဆိုတာလည်း မသိတဲ့ အနေအထားမှာ ရှိပါတယ်။

ဒါတွေဟာ အခု ရှိတဲ့၊ သိတဲ့ တိုင်းရင်းသားလူမျိုး အချို့လည်းပဲ ကျွန်တော်တို့ မှတ်ပုံတင်တဲ့အခါမှာ ရပြီးသား မှတ်ပုံတင်လည်းပဲ ကျွန်တော်တို့ သက်တမ်းကုန်ဆုံးတဲ့အခါမှာ ပြန်လည်ပြီးတော့မှ မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေဟာ စောစောက ကျွန်တော်တို့ အဆိုရှင်အနေနဲ့ အတွေ့အကြုံအရ ပြောပြတဲ့ အတွက်လည်းပဲ ကျွန်တော်တို့နယ်ပယ်မှာ၊ နယ်စပ်ဒေသမှာ တိုင်းရင်းသားလူမျိုးတွေမှာ အခုလိုအဖွဲ့အစည်း ရှိရမယ်။ ကိုယ့်ရဲ့ စာပေ၊ ယဉ်ကျေးမှုကို ထိန်းသိမ်းရမယ်။ အဖွဲ့အစည်း၊ တရားဝင်အဖွဲ့အစည်း ဖွဲ့စည်းရမယ်ဆိုတာ သိသော်ငြားလည်းပဲ သူ့ရဲ့ လုပ်ထုံးလုပ်နည်းကို ကျွန်တော်တို့ ပြန်လည်လေ့လာတဲ့အခါမှာ ပြည်ထဲရေးဝန်ကြီးဌာနက ကျွန်တော်တို့ ဥပဒေအရ လုပ်ထုံးလုပ်နည်းတွေ စနစ်တကျ ဖွဲ့စည်းထားတာတော့ ရှိပါတယ်။

သို့သော်ငြားလည်းပဲ ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းတွေက အသင်းအဖွဲ့များ တည်ဆောက်တဲ့ အမည်တို့၊ နောက်တစ်ခါ အသင်းအဖွဲ့ အမှုဆောင်ကော်မတီများ အမည်စာရင်းတို့၊ မှတ်ပုံတင်တို့ လုပ်ထုံးလုပ်နည်းတွေက အများကြီးရှိပါတယ်။ ပုံစံ(၁)(၂)(၃)နဲ့ (က)(ခ) စသည်ဖြင့် ရှိတာကို သိရှိရပါတယ်။ ဒါတွေကို ခုနက ကိုယ်စားလှယ်များ ဆွေးနွေးသလို ဒါတွေကို ဖြေလျှော့တဲ့ သဘောမျိုးနဲ့ မိမိနိုင်ငံတော်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးများဟာ ကျွန်တော်တို့ တခြားဧည့်သည် မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ဒီလုပ်ပိုင်ခွင့် အဖွဲ့အစည်းများကို လွတ်လွတ်လပ်လပ် ဖြေလျှော့ပြီးတော့မှ ကျွန်တော်တို့ တိုင်းဒေသအဆင့်နဲ့ပဲ ကျွန်တော်တို့ ဖွဲ့စည်းခွင့်ပြုမယ်ဆိုရင် ကျွန်တော်တို့ရဲ့အဖွဲ့အစည်းများဟာ လွတ်လွတ်လပ်လပ် ဆောင်ရွက်ပြီးတော့ အချိန်အနည်းငယ်အတွင်းမှာပဲ မြန်မြန်ဆန်ဆန် ဖွဲ့စည်းနိုင်ပြီးတော့မှ လှုပ်ရှားနိုင်မှာ ဖြစ်ပါတယ်ဆိုတာ ကျွန်တော် သုံးသပ်ရရှိပါတယ်။

ကျွန်တော်ဥပမာ တစ်ခုပြောမယ်ဆိုရင် ကမ္ဘောဒီးယားနိုင်ငံအသီးသီးက ကမ္ဘာလှည့်ခရီးသည် ပုဂ္ဂိုလ်တစ်ဦးနဲ့တွေ့ရှိပါတယ်။ ဘယ်လောက်ထိ အရေးကြီးတယ်ဆိုတဲ့ နေရာမှာ ကျွန်တော်တို့ ပုဂ္ဂိုလ်တစ်ဦးနဲ့ တွေ့တဲ့အခါမှာ ဒီ နိုင်ငံခြားခရီးသည်ဟာဆိုလို့ရှိရင် မြန်မာနိုင်ငံမှာ ရောက်ရှိရာမှာ ခင်ဗျားတို့ မြန်မာနိုင်ငံမှာ ရောက်တဲ့အခါမှာ ကျွန်တော်တို့ အနေနဲ့တော့ ပထမဦးဆုံး အမျိုးသားပြတိုက်ကို ကျွန်တော်လေ့လာပါတယ်။ ဒီ အမျိုးသားပြတိုက်(Museum)မှာလည်း လေ့လာတဲ့အခါမှာ ဒီအမျိုးသားပြတိုက်မှာ ပြထားတဲ့ ရိုးရာ၊ စာပေ၊ တိုင်းရင်းသားလူမျိုးများရဲ့ စာပေ၊ ယဉ်ကျေးမှု သူ့အမျိုးနဲ့သူ ကျွန်တော်တို့ပြသထားတဲ့အခါ တွေ့ရှိတဲ့အခါမှာ ဒီနိုင်ငံတစ်ခုရဲ့ လူနေမှုအဆင့်၊ စာပေ၊ယဉ်ကျေးမှု၊ သူ့ရဲ့ လူနေမှု အဆင့်အတန်းကို သိရှိရပါတယ်။

ဒါကြောင့်မို့လို့ ခင်ဗျားတို့ မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများတွေရဲ့ အနေအထား၊ စာပေယဉ်ကျေးမှုကို ကျွန်တော်တို့ လေ့လာခြင်းအားဖြင့် ကျွန်တော်တို့ အများကြီး ဂုဏ်လည်းယူပါတယ်။ အင်မတန်မှ မွန်မြတ်တယ် ဆိုတဲ့ဟာလည်း ကျွန်တော်တို့ ဒါကြားခဲ့ရပါတယ်။ ထိုနည်းလည်းကောင်းပဲ ကနေ့ ယဉ်ကျေးမှုကော်မတီ ကနေပဲဖြစ်ဖြစ်၊ တိုင်းရင်းသားလူမျိုးများ အဖွဲ့အစည်းအနေနဲ့သော်ပဲ ဖြစ်ဖြစ်၊ ကျွန်တော်တို့ ပြည်ထောင်စု ဝန်ကြီးဌာန အနေနဲ့သော်လည်းကောင်း၊ ကျွန်တော်တို့ အဖွဲ့အစည်းများကို မြန်မြန်ဆန်ဆန်နဲ့ ထိထိရောက်ရောက်နဲ့ ကျွန်တော်တို့ အလွယ်တကူနဲ့ ဖွဲ့စည်းနိုင်ဖို့ရာ ကျွန်တော်တို့ နိုင်ငံတော် အဆင့်ဖြစ်တဲ့ ကျွန်တော်တို့ ပြည်ထောင်စုအနေနဲ့ လုပ်နေမယ့်အစား တိုင်းဒေသပြည်နယ်မှာ ကျွန်တော်တို့ လုပ်ပိုင်ခွင့် (Special Power Appoinment) ချပေးပြီးတော့မှ သူ့ရဲ့ လုပ်ထုံးလုပ်နည်းများကို စောစောက ကိုယ်စားလှယ်များ ဆွေးနွေးတဲ့အတိုင်း စနစ်တကျ ချပြပြီးတော့မှ ဖွဲ့စည်းမယ်ဆိုရင် ကျွန်တော်တို့ မြန်မြန်ဆန်ဆန်နဲ့ ခရီးရောက်ဖို့ ရှိပါလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ နိဂုံးချုပ်ဆွေးနွေးလိုတာက အဆိုရှင် ဦးခက်ထိန်နန် အဆိုတင်သွင်းသွားတဲ့အတိုင်းပါပဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများတွင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့်(လုပ်ပိုင်ခွင့်)ကို ပြဋ္ဌာန်းသတ်မှတ်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို ကျွန်တော့်အနေနဲ့လည်းပဲ လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၂၆။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၂၆။**

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) ။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များနဲ့ လွှတ်တော် ကိုယ်စားလှယ်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆန္ဒပြုရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးခက်ထိန်နန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)(အတွင်းရေးမှူး၊ တိုင်းရင်းသား ရေးရာကော်မတီ)၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ မိမိဆွေးနွေးချက်ကို စာဖြင့် ဖတ်ကြားခွင့်ပြုပေးပါရန် ဦးစွာ ပန်ကြားအပ်ပါတယ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် နေထိုင်လျက်ရှိကြတဲ့ တိုင်းရင်းသားများတွေဟာ မိမိတို့ရဲ့ ရိုးရာ၊ ယဉ်ကျေးမှုပွဲများ၊ ဓလေ့ထုံးစံအရ ဆောင်ရွက်တဲ့ ပွဲများနဲ့ ဘာသာရေးပွဲများကို လွတ်လပ်စွာ လုပ်ကိုင်ဖော်ထုတ် ဆောင်ရွက်နိုင်ရန် အလို့ငှာ တိုင်းရင်းသား ရိုးရာ၊ စာပေနဲ့ ယဉ်ကျေးမှုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက် ရှိကြပါတယ်။ ထိုသို့ ဖွဲ့စည်းရာမှာ တရားဝင် မှတ်ပုံတင်ခြင်း၊ မှတ်ပုံတင် သက်တမ်းတိုးခြင်းတို့ကို ပြည်ထောင်စုအစိုးရ၊ ပြည်ထဲရေးဝန်ကြီးဌာနတွင် တင်ပြဆောင်ရွက်ကြရာမှာ ကြန့်ကြာမှုများရှိခြင်း၊ ခရီးဝေးခြင်း၊ အကုန်အကျများခြင်းဖြင့် အခက်အခဲ ကြုံတွေ့နေရကြောင်း သိရှိရပါတယ်။ ဒီနေရာမှာ မိမိတို့ တအောင်း(ပလောင်)စာပေနှင့် ယဉ်ကျေးမှု မှတ်ပုံတင်သက်တမ်းတိုးရာမှာ ဖြစ်ထွန်းရတဲ့ အခက်အခဲကို အနည်းငယ် တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ရဲ့ တအာင်း(ပလောင်) စာပေနဲ့ သမိုင်းအကျဉ်းချုပ်ကိုလည်း အနည်းငယ်ဖော်ပြသွားပါမယ်။ မိမိတို့ရဲ့ တအာင်း(ပလောင်) စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီကို ၁၉၇၂ ခုနှစ်တွင် စတင်ဖွဲ့စည်း

ခဲ့ပြီး ရုံးချုပ်ကို အမှတ်(၁၁၀)၊ မင်္ဂလာရပ်၊ နမ့်ဆန်မြို့၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ တည်ရှိပါတယ်။ ပလောင်စာပေကို မြန်မာ၊ မွန်၊ ရှမ်း၊ ယွမ်၊ ယိုးဒယား၊ ရောမအက္ခရာဖြင့် (၆)မျိုး ရှိခဲ့ရာမှာ စာပြုပုဂ္ဂိုလ်များလည်း နမ့်ဆန်မြို့မှာတင် (၅)ဦး၊ နမ့်ခမ်းမြို့မှာ (၂)ဦး၊ တောင်ပိုင်းမှာ (၁)ဦး စသဖြင့် အသီးသီး ပေါ်ပေါက်ခဲ့ပါတယ်။ သူ့စာ၊ ကိုယ့်စာ စသည်ဖြင့် ခွဲခြားပြီး သင်ကြားရာမှာ ကျောင်းသားလူငယ်များပါ စည်းလုံးညီညွတ်မှု ကွဲပြားခဲ့ရပါတယ်။ ဒါကြောင့်မို့ ၁၉၇၀ ခုနှစ်နောက်ပိုင်း မန္တလေး၊ ရန်ကုန်မှာရှိတဲ့ တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများက ဦးဆောင်ပြီး မန္တလေး၊ ရန်ကုန်၊ မိုးကုတ်၊ ကျောက်မဲ၊ သီပေါ၊ နမ့်ဆန်၊ စသည်ဖြင့် ပလောင်ဒေသတွင် နေထိုင်တဲ့ မြို့နယ်များကို သွားရောက်စည်းရုံးပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ တအာင်း(ပလောင်) စာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီကို ၁၉၇၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ နမ့်ဆန်မြို့မှာ အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

တစ်ပြိုင်တည်းမှာပဲ စာပြုပုဂ္ဂိုလ်များထံမှ စာမူများကို တအောင်းတိုင်းရင်းသား တစ်ရပ်လုံး အကျိုးအတွက် အလှူခံခဲ့ရာ စာပြုပုဂ္ဂိုလ်အားလုံး မိမိတို့၏ စာမူများကို ဖော်ပြပါ ဗဟိုကော်မတီသို့ လှိုက်လှဲစွာ အပ်နှံလှူဒါန်းခဲ့ကြပါတယ်။ မိမိအပါအဝင် တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများ ပါဝင်တဲ့ တအာင်းစာမူဖော်ထုတ်ရေး ကော်မတီ တစ်ရပ်ဖွဲ့စည်းကာ မြန်မာနိုင်ငံအတွင်းရှိ အဓိက တအာင်းလူမျိုးစု (၃)မျိုးဖြစ်တဲ့ ဆမ်လုန်၊ ဂူကျင်၊ ဂူမိုင်တို့၏ ဘာသာစကားကို ရေးသားနိုင်တဲ့ တစ်မူတည်းသော စာမူကို ၁၉၇၂ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့၊ နမ့်ခမ်းမြို့ ဖာဒဲင်ရွာမှာ ကျင်းပတဲ့ ဒုတိယအကြိမ် စာပေညီလာခံမှာ တညီတညွတ်တည်း အောင်မြင်စွာ ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

နောက်နောင် ကမ္ဘာတည်သရွေ့ ထပ်မံပြီး စာမူကွဲ မရှိရလေအောင် ကျောက်ပြား ပေါ်မှာ ဗျည်း၊ သရများကို ထွင်းထုပြီး ကျောက်စာတိုင်ကို ၎င်းနမ့်ခမ်းမြို့နယ် ဖာဒဲင်ရွာမှာ စိုက်ထူ ခဲ့တာ ယနေ့အထိဆိုရင် နှစ်ပေါင်း(၄၀)တိုင်တိုင် ရှိခဲ့ပါပြီ။ ပလောင်စာ၊ မြန်မာစာနှင့် အင်္ဂလိပ်စာ ဖြင့် ဤစာပေဖော်ထုတ်ရခြင်းအကြောင်းကို ရေးသား မှတ်တမ်းတင်ထားခြင်းလည်း ဖြစ်ပါတယ်။ အင်္ဂလိပ်စာမူကို သမိုင်းပါမောက္ခ ဒေါက်တာသန်းထွန်း က တည်းဖြတ် ဘာသာပြန်ဆိုထားခြင်းပဲ ဖြစ်ပါတယ်။ စာပေနှင့် ယဉ်ကျေးမှု ညီလာခံကို (၄)နှစ် တစ်ကြိမ် မှန်မှန်ကျင်းပလာခဲ့ရာ (၉)ကြိမ်မြောက်အထိ ကျင်းပနိုင်ခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ (၄)ကြိမ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်မှာ ၁၉၉၂ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ (၅)ကြိမ် ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ ယခုဒီမိုကရေစီအစိုးရခေတ်မှာ (၁၀)ကြိမ်မြောက် ညီလာခံကို ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ မန်တုန်မြို့မှာ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပဖို့ လျာထားစီစဉ်လျက်ရှိပါတယ်။ မိမိတို့ရဲ့ စာပေ၊ ယဉ်ကျေးမှု မှတ်ပုံတင် အမှတ်မှာ ၁၇၉၃ ဖြစ်ပြီး၊ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလအထိ နှစ်စဉ် သက်တမ်းကို မှန်မှန် တိုးခဲ့ပါတယ်။ စာပေနှင့် ယဉ်ကျေးမှု ဗဟိုကော်မတီက သက်တမ်း တိုးရန် ၁၅-၁-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၀၀၂/ ဖွဲ့စည်း-၅/စရ ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့သို့ လုပ်ထုံးလုပ်နည်းနဲ့အညီ သတ်မှတ်ပုံစံဖြင့် လျှောက်ထားခဲ့ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်(ခွဲ) နမ့်ဆန်မြို့သို့ သက်တမ်းတိုးရန်အတွက် သွင်းငွေ(၅)သိန်းကျပ် ဘဏ်ချလံကိုပါ ပူးတွဲတင်ပြထား ပါတယ်။

တဖန်ထပ်ပြီး ၆-၃-၂၀၁၂ ရက်စွဲပါစာအမှတ်၊ ၀၀၂/ဖွဲ့စည်း-၅/စရ ဖြင့် ဒုတိယ အကြိမ် အထက်ပါဌာနသို့ လျှောက်ထားခဲ့ပြန်ပါတယ်။ သို့သော် ကျမလာပါ။ ၂၄-၁၀-၂၀၁၂ ရက်စွဲပါ စာအမှတ် ပလ-၂၆/ ၁၂ ဖြင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နေပြည်တော်သို့ တိုက်ရိုက်လျှောက်ထားခဲ့ပါတယ်။ အသစ်လျှောက်ထားခြင်း မဟုတ်ဘဲ သက်တမ်းတိုးရန် လျှောက်ထားခြင်းသာ ဖြစ်ပါတယ်။ ခက်ခဲကြန့်ကြာကြောင်း တွေ့ရှိရပါတယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်မှာ မှတ်ပုံတင်ရှိခြင်း မလိုဘဲ လွတ်လပ်စွာ ဆောင်ရွက်နိုင် ခဲ့ပါတယ်။ တဖန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်မှာ တစ်နှစ်တစ်ခါ လွယ်ကူချောမောစွာ သက်တမ်းတိုးပြီး လွတ်လွတ်လပ်လပ် ဆက်လက်လုပ်ကိုင် နိုင်ခဲ့ပါတယ်။ ယခု ပြည်သူ့ဒီမိုကရေစီခေတ်မှာ ယခင့်ယခင် ခေတ်များထက် ပိုမိုလွယ်ကူ မြန်ဆန်စွာ ဖြေလျှော့သင့်ပါကြောင်း ရိုးသားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အိမ်နီးချင်း ကွန်မြူနစ်နိုင်ငံကြီး တစ်ခုရဲ့ တိုင်းရင်းသားတွေအပေါ်မှာ ကျင့်သုံးတဲ့ စနစ်ကို အလျဉ်းသင့်လို့ တင်ပြပါရစေ။ မြန်မာနိုင်ငံ နယ်နိမိတ်ချင်းထိစပ်တဲ့ ၎င်းနိုင်ငံကြီးရဲ့ ပြည်နယ်တစ်ခု မှာ ကချင်၊ ရှမ်း၊ လားဟူ၊ ဝ၊ ပလောင် အီကောလူမျိုးများ ရှိပါတယ်။ ယခင်က ၎င်းလူမျိုးကြီးတွေရဲ့ စာပေကိုသာ သုံးခဲ့ရလို့

ကိုယ်ပိုင်စာပေ မရှိတဲ့ လူမျိုးစုထဲမှာ တအာင်း(ပလောင်) လူမျိုးစုလည်း ပါခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်နောက်ပိုင်းမှာ နိုင်ငံတော်အစိုးရက ဘတ်ဂျက်တွေ ထုတ်ပေးပြီး သင့်လျော်တဲ့ မိမိတို့ရဲ့ စိတ်ကြိုက်စာပေကို မဖြစ်မနေ ဖော်ထုတ်ဖို့ ညွှန်ကြားလာပါတယ်။ ဘာသာစကားချင်း တူညီတဲ့ မိမိတို့နိုင်ငံမှ တအာင်းစာပေကို လာရောက်လေ့လာ ဆည်းပူးခဲ့ပါတယ်။

ယနေ့ထိတိုင် ၎င်းစာပေကို ကျောင်းသုံးစာရေးကိရိယာ အပြည့်အစုံနဲ့ လေ့လာ ဆည်းပူး သုံးစွဲနေကြပါတယ်။ ကုန်ကျသလောက်စရိတ်ကို နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အစိုးရမှ ထုတ်ပေးထားကြောင်း ကြားသိရပါတယ်။ လူမျိုးကြီးတွေမှာ တစ်အိမ်ထောင် ကလေးတစ်ယောက် ယူခွင့်ပြုထားတဲ့အချိန်မှာ ၎င်းလူနည်းစု တိုင်းရင်းသားများကို တစ်အိမ်ထောင် ကလေး နှစ်ယောက် ယူခွင့်ပြုထားပါတယ်။ လူမျိုးကြီးနှင့်တိုင်းရင်းသားများ အကြောင်းကြောင်းကြောင့် မသင့်မတင့် ခိုက်ရန်ဖြစ်ပါကလည်း မည်သူမှားမှား လူမျိုးကြီးကို အရင် အရေးယူ၊ အချုပ်ထဲ ထည့်ပြီးမှ ဖြေရှင်းတယ်လို့ သိရှိရပါတယ်။ ကွန်မြူနစ်နိုင်ငံကြီးရဲ့၎င်းတို့ တိုင်းရင်းသား လူနည်းစုအပေါ် ဦးစားပေး ကိုင်တွယ်ကျင့်သုံးတဲ့နည်းပဲ ဖြစ်ပါတယ်။ ကိစ္စကြီးငယ်ရှိလျှင် တရားရုံးမရောက်ဘဲ ၎င်းတို့ရဲ့ ရိုးရာဓလေ့ထုံးစံအတိုင်း လွတ်လပ်စွာ ဖြေရှင်းခွင့် ရှိပါတယ်။ ကြီးတဲ့အမှုကို ငယ်ပြီး၊ ငယ်တဲ့ အမှုကို ပျောက်စေနိုင်ပါတယ်။ တိုင်းရင်းသားလူမျိုးစုများ နေထိုင်တဲ့ ဒေသတွေမှာ ပါတီ တာဝန်ရှိသူများမှအစ ဌာနဆိုင်ရာ အကြီးအကဲများဖြစ်တဲ့ အုပ်ချုပ်ရေးမှူး၊ တရားသူကြီး၊ ဆရာဝန်၊ လ.ဝ.က၊ အခွန်ဦးစီးမှူး မှအစ ရဲအကြီးအကဲအဆုံး အားလုံးသက်ဆိုင်ရာ တိုင်းရင်းသားများကိုပဲ ခန့်ထားအုပ်ချုပ်စေပါ တယ်။ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနှင့် ပတ်သက်ပြီး ခွန်းကြီး ခွန်းငယ်မရှိဘဲ တိုင်းရင်းသားတိုင်းအားလုံး ကျေကျေနပ်နပ် ကြည်ကြည်ဖြူဖြူ လက်ခံကျင့်သုံးနေတာ တွေ့ရပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၂၊ အပိုဒ်ခွဲ (က)မှာ နိုင်ငံတော်သည် တိုင်းရင်းသားများ၏ စာပေ၊ စကား၊ အနုပညာ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက် စေရန် ကူညီဆောင်ရွက်မည်ဟု အတိအလင်း ဖော်ပြထားပြီး ဖြစ်ပါတယ်။ ဘာသာစကား၊ စာပေမထိန်းသိမ်းနိုင်လို့ တစ်နှစ်၊ တစ်နှစ် ကွယ်ပျောက်သွားတဲ့ လူမျိုးဘာသာ စကား (၁၀၀)အထက်မှာ ရှိတယ်လို့ ကမ္ဘာ့ကုလသမဂ္ဂက ထုတ်ပြန်ကြေညာကြောင်း လေ့လာ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံကို Colourful Country လို့ ခေါ်ဆိုကြပါတယ်။ တိုင်းရင်းသားပေါင်းစုံ

ရောနှောနေထိုင်တဲ့နိုင်ငံ ဖြစ်လို့ပါ။ မိမိတို့နိုင်ငံကို ပန်းပေါင်းစုံ ပေါက်ရောက်တဲ့ ပန်းဥယျာဉ်တစ်ခုလို နှိုင်းပြီး တင်စားကြပါတယ်။ ပန်းခင်းတွေ၊ မြက်ခင်းတွေ၊ ရေကန်တွေ၊ အလှမွေးငါးကန်တွေ ကျောက်ဆောင်ကျောက်ခဲတွေ၊ တောခင်းလမ်းတွေ သူ့နေရာနဲ့သူ မျက်စိပသာဒရအောင် တည်ဆောက်စိုက်ပျိုးထားခြင်း ဖြစ်တဲ့အတွက် ၎င်းပန်းခြံထဲ ဝင်လိုက်မယ်ဆိုရင် ရင်မှာခံစားနေရတဲ့ စိတ်ပင်ပန်းမှုတွေ စိတ်တင်းကြပ်မှုတွေ ပြေလျှော့ပြီး ရွှင်လန်းပေ့ါပါးလာပါမယ်။ လွတ်လပ်စွာ ပျော်ရွှင်လာပါတယ်။

မြက်ခင်းပဲဖြစ်ဖြစ်၊ ပန်းခင်းတွေပဲဖြစ်ဖြစ်၊ သစ်ပင်ကြီးတွေပဲဖြစ်ဖြစ် အသက်ဆက်ရှင်နိုင်ဖို့ နေရောင်ခြည်ကို မျှမျှတတ ရရှိခံစားနိုင်ခြင်းပဲ ဖြစ်ပါတယ်။ သို့သော် ၎င်းပန်းခြံကို မပြုမပြင်ပဲ ထားလိုက်မယ်ဆိုပါက အပင်ကြီးများဖြစ်တဲ့ တောခင်းတန်းမှ သစ်တောများ တဖြည်းဖြည်း ဖုံးလွှမ်းလာပြီး မြက်ခင်းတွေ၊ ပန်းခင်းတွေ ရေကန်တွေပျောက်ကာ၊ ဥယျာဉ်ပန်းခြံဘဝမှ တောရိုင်းဘဝသို့ ရောက်သွားမှာ ဖြစ်ပါတယ်။ အလားတူ မိမိတို့နိုင်ငံဟာ တိုင်းရင်းသား ပေါင်းစုံ စုပေါင်းနေထိုင်တဲ့ နိုင်ငံဖြစ်တဲ့အလျောက် တိုင်းရင်းသားအချင်းချင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ မြင့်မြတ်ခြင်းတည်းဟူသော လောကပါလတရား(၃)ပါးကို ညီတူညီမျှ ခံစားရရှိရင်း အစဉ်စည်းလုံး ညီညွတ်သွားရန် အလွန်ပဲအရေးကြီးပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင်ဖော်ပြထားပြီးဖြစ်တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များရဲ့ အသီးအပွင့်များကို လက်တွေ့အပြည့်အဝ ရရှိခံစားနိုင်ရန် ပြည်ထောင်စု အစိုးရမှ ဖြေလျှော့ပေးလိုက်မယ်ဆိုရင် တိုင်းရင်းသားတို့ဟာ မိမိတို့ရဲ့ ချစ်ခင်မြတ်နိုးတဲ့ ဘာသာ၊ စကားနဲ့ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို လွတ်လပ်စွာ ဖော်ထုတ် ထိန်းသိမ်းနိုင်ကြပြီး တိုင်းရင်းသားအချင်းချင်းကြား တကယ်စည်းလုံးညီညွတ်မှုကို အပြောထက် လက်တွေ့ဖော်ဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။ ခေတ်စနစ်နဲ့အညီ လုပ်ထုံး၊ လုပ်နည်းများကို ဖြေလျှော့ ပေးတဲ့အပြင် ဘဏ္ဍာငွေ ရုပ်ဝတ္ထုပစ္စည်းပါ ပံ့ပိုးထောက်ပံ့ပေးမယ်ဆိုပါက ခက်ခဲ ကြမ်းတမ်းတဲ့ စားဝတ်နေရေး ဖြေရှင်းနေရတဲ့ ပြဿနာကြားက တိုင်းရင်းသားတို့ဟာ မိမိတို့ ချစ်ခင်မြတ်နိုးတဲ့ စာပေ၊ ဂီတ၊ ယဉ်ကျေးမှုကို ဖော်ထုတ်ထိန်းသိမ်းရင်း ကိုယ်စီကိုယ်ငှ ဝမ်းသာ ကြည်နူးနိုင်ကြမှာ ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရကိုလည်း အစဥ်ထာ၀ရ ကျေးဇူးတင်ဂုဏ်ပြုမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဦးခက်ထိန်နန် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ (အတွင်းရေးမှူး၊ တိုင်းရင်းသားရေးရာကော်မတီ)၏ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လှိုက်လှဲစွာ ကြိုဆိုထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၀။**

**ဥက္ကဋ္ဌ။** ။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၄း၄၀။**

**ဦးစိုင်းတင်အောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယ၀န်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ လေးစားစွာ ဂါရ၀ပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းတင်အောင် ပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် တင်သွင်းတဲ့ အဆိုဖြစ်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသားရိုးရာ စာပေယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့်(လုပ်ပိုင်ခွင့်)ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အဆိုရှင်ဟာ တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ဖြစ်သလို အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီရဲ့ အတွင်းရေးမှူးဖြစ်တာနဲ့အညီ လွှတ်တော် ဥက္ကဋ္ဌကြီးရဲ့တာ၀န်ပေးချက်အရ တိုင်းဒေသကြီးနဲ့ပြည်နယ်အသီးသီးသို့ ရေးရာကော်မတီနဲ့အတူ ကွင်းဆင်းလေ့လာပြီး ဒေသခံတိုင်းရင်းသားတို့ရဲ့အသံ၊ ဆန္ဒ လိုအပ်ချက်အရ ယခုလို အဆိုကို လွှတ်တော်သို့ တင်သွင်းခြင်းဖြစ်တယ်လို့ နားလည်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသား မျိုးနွယ်စုပေါင်း(၁၀၀)ကျော်တို့ဟာ နှစ်ကာလကြာရှည်စွာ အေးအတူပူအမျှ အတူတကွ မှီတင်းနေထိုင်ခဲ့ကြပါတယ်။ နိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့လက်အောက် ကျရောက်စဉ် အခါကလည်း နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာလို့ခေါ်တဲ့ လွတ်လပ်ရေးကြီး ပြန်လည် ရရှိအောင် တိုင်းရင်းသားတို့နဲ့ စုပေါင်းလက်တွဲပြီး ကိုလိုနီနယ်ချဲ့တွေကို တွန်းလှန် တိုက်ခိုက်ခဲ့ကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်က နိုင်ငံတော်အစိုးရများဟာ တိုင်းရင်းသား တို့ရဲ့ အရေးကို အလေးထားဆောင်ရွက်ခဲ့ကြပေမယ့် အတိုင်းအတာတစ်ခုအထိသာ အောင်မြင်ခဲ့ကြပြီး တိုင်းရင်းသားအရေးဟာ ယခု အချိန်အထိ အလေးထား ဆောင်ရွက်ရန် များစွာ လိုအပ်နေသေးကြောင်း တင်ပြလိုပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုတို့ဟာ မိမိတို့ရဲ့ ရိုးရာ၊ ကိုးကွယ်ရာဘာသာ ရိုးရာစာပေ၊ ယဉ်ကျေးမှု ကိုယ်စီရှိကြပါတယ်။ ကိုးကွယ်ရာ ဘာသာ၊ နေထိုင်ရာဒေသ၊ ရိုးရာဓလေ့ထုံးတမ်းတွေ မတူကြပေမယ့် တူညီတဲ့ခံယူချက်ဖြစ်တဲ့ အေးချမ်းစွာအတူ လက်တွဲနေထိုင်ရေးဆိုတဲ့ ပြည်ထောင်စုစိတ်ဓာတ်ကတော့ တိုင်းရင်းသား မျိုးနွယ်စုတိုင်းမှာ ကိုယ်စီရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ ခေတ်ပြောင်းစနစ်ပြောင်းကာလမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရာမှာလည်း တိုင်းရင်းသားတို့ရဲ့ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုကို ဖွံ့ဖြိုးတိုးတက်အောင် အလေးထားကူညီဆောင်ရွက်ပေးမယ်လို့ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၂ (က)မှာ အတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားရေးရာ ကိစ္စနဲ့ ပတ်သက်တဲ့ စာပေ၊ ယဉ်ကျေးမှု အသင်းအဖွဲ့ ဖွဲ့စည်းခြင်းနဲ့ဆိုင်တဲ့ ကိစ္စလေးကို တင်ပြလိုပါတယ်။ ပြည်နယ်တစ်ခုက တိုင်းရင်းသား မျိုးနွယ်စုတစ်စုဟာ ရိုးရာစာပေ၊ ယဉ်ကျေးမှုအသင်း ဖွဲ့စည်းဖို့ ဌာနဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းနဲ့ တင်ပြလျှောက်ထားခဲ့ပါတယ်။ ဒါပေမယ့်လည်း တစ်နှစ်နီးပါး ကြာတဲ့အထိ အဆင်မပြေသေးဘဲ အသင်းအဖွဲ့အမည်ကို အတည်ပြုဖို့ ခက်ခဲနေတယ်လို့ သိရှိရပါတယ်။ အသင်းအဖွဲ့ရဲ့အမည်ကို မြန်မာနိုင်ငံလုံး ဆိုင်ရာ စာပေ၊ ယဉ်ကျေးမှုအဖွဲ့လို့ တင်ပြလျှောက်ထားခဲ့ပါတယ်။

ဒါပေမဲ့ မြန်မာနိုင်ငံဆိုတဲ့ အသုံးအနှုန်းဟာ နိုင်ငံတော်အစိုးရနဲ့သာ သက်ဆိုင်တဲ့ အတွက် သုံးခွင့်မရှိဘူးလို့ သိရပါတယ်။ ဆက်လက်ပြီး ဗဟိုရိုးရာစာပေ၊ ယဉ်ကျေးမှု အဖွဲ့လို့ တင်ပြလျှောက်ထားပြန်တော့လည်း ခွင့်ပြုချက် မရှိခဲ့ပါဘူး။ ဆက်လက်ပြီး ရိုးရာ စာပေ ယဉ်ကျေးမှုအဖွဲ့ချုပ်လို့ တင်ပြလျှောက်ထားတာလည်း သုံးခွင့်မရှိဘူးလို့ ကြားသိရ ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို ကိစ္စရပ်တွေဟာလည်း ဥပဒေတွေ ပြန်လည်ရေးဆွဲ ပြဋ္ဌာန်းရာမှာ ပြန်လည်စဉ်းစားသုံးသပ်သင့်တယ်လို့ လေးစားစွာဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မှာ ဥပဒေအမှတ်(၆/၈၈)နဲ့ ပြဋ္ဌာန်းခဲ့ပြီး ယနေ့တိုင် ကျင့်သုံးနေဆဲဖြစ်တယ်လို့ သိရှိရပါတယ်။ ဥပဒေမှာ အခန်း(၄)ခန်းနဲ့ ပုဒ်မ(၉)ခု ပါရှိပြီး နည်းဥပဒေတော့ ပြဋ္ဌာန်းထားခြင်းမရှိဘူးလို့ သိရှိရပါတယ်။ ဒါပေမဲ့ အမိန့်ညွှန်ကြားချက်တွေနဲ့ ဆောင်ရွက်နေတယ်လို့ လေ့လာသိရှိ ရပါတယ်။ ဥပဒေရဲ့ အခန်း(၂)မှာ အခန်း(၂) ပုဒ်မ ၄ မှာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့် လျှောက်ရန် မလိုသော အသင်းအဖွဲ့တွေကို ဖော်ပြထားပြီး၊ ဥပဒေရဲ့ အခန်း(၃)၊ ပုဒ်မ ၅ မှာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်မရှိသော အသင်းအဖွဲ့များလို့ ဖော်ပြပါရှိပါတယ်။ တိုင်းရင်းသား တို့ရဲ့ ရိုးရာစာပေ၊ ယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့ ဥပဒေပုဒ်မတွေ ပြဋ္ဌာန်းထားခြင်း မရှိတာကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ ခေတ်စနစ်နဲ့ အညီ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နေတဲ့ ကာလမှာ ခေတ်အဆက်ဆက်က ဖြတ်သန်းတွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံ တွေရဲ့ အားသာချက်၊ အားနည်းချက်အပေါ် ဝေဖန်သုံးသပ်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး ပြန်လည်တည်ဆောက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တိုင်းရင်းသားတို့ရဲ့ ရိုးရာစာပေ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစေဖို့ ပွင့်လင်းမြင်သာပြီး ခေတ်စနစ်နဲ့လျော်ညီသော ဥပဒေလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းတို့ကို ပြန်လည်ရေးဆွဲ ပြဋ္ဌာန်းပြီး လိုက်နာကျင့်သုံးဆောင်ရွက်စေသင့်တယ်လို့ ရိုးသားစွာ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်ရဲ့ အခြေခံမူများ ပုဒ်မ ၁၁ (ခ)မှာ ပိုင်းခြားကျင့်သုံးတဲ့ နိုင်ငံတော်ရဲ့အာဏာ (၃)ရပ်ကို ပြည်ထောင်စု တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေအပ်နှင်း သည်လို့ ဖော်ပြပါရှိပြီး၊ ပုဒ်မ ၁၂ (က)မှာလည်း နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်များအား ခွဲဝေ အပ်နှင်းသည်လို့လည်း အတိအလင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာလည်း မျိုးနွယ်စုအလိုက် တိုင်းရင်းသားရေးရာ ကိစ္စရပ်များ နိုင်ငံတော်နဲ့ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားရေးရာဝန်ကြီးများကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ခန့်အပ်တာဝန်ပေးပြီး ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်များဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမရှိသော တိုင်းရင်းသား ရေးရာနှင့်သက်ဆိုင်သောဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ များက အကောင်အထည်ဖော် ဆောင်ရွက်ကြမယ်ဆိုရင် ပြည်ထောင်စုအစိုးရအတွက် ဝန်ထုပ်ဝန်ပိုးများ လျော့ကျသက်သာစေမှာဖြစ်ပြီး တိုင်းရင်းသားရေးရာကိစ္စရပ်များကို အနီးကပ်ကူညီဆောင်ရွက်နိုင်မှာ ဖြစ်သလို တိုင်းရင်းသားတို့ရဲ့ လူမှု၊ စီးပွားဘဝထဲ ထဲထဲဝင်ဝင် လေ့လာသိရှိနိုင်ပြီး နိုင်ငံတော်အစိုးရရဲ့ ပြည်တွင်း ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကို များစွာ အထောက်အကူ ဖြစ်စေမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေမှာ မှတ်ပုံတင်ကြေး ပေးသွင်းရမယ်လို့ ဖော်ပြထားခြင်း မရှိပါဘူး။ သို့သော်လည်း အသင်းအဖွဲ့ မှတ်ပုံတင်ကြေးကို (၁)နှစ်လျှင် ကျပ်(၁)သိန်း၊ (၅)နှစ်အတွက် ကျပ်(၅)သိန်းကို အသင်းအဖွဲ့ မှတ်ပုံတင်ချိန်မှာ တစ်ပါတည်း ပေးသွင်းရမယ်လို့ ကြားသိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ဟာ နိုင်ငံတော်ရဲ့ ဒေသအသီးသီးနဲ့ မြို့နယ်အသီးသီးမှာ တိုင်းရင်းသား မျိုးနွယ်စုအချင်းချင်း အပြန်အလှန် ရိုင်းပင်းကူညီကြပြီး အတူတကွ မှီတင်းနေထိုင်လျက် ရှိကြပါတယ်။ မိမိတို့ရဲ့ ရိုးရာစာပေ၊ ယဉ်ကျေးမှု မကွယ်ပျောက်ရအောင် ထိန်းသိမ်း စောင့်ရှောက်ရင်း၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရာမှာ ဒေသအလိုက် မြို့နယ် အလိုက်၊ စာပေ၊ ယဉ်ကျေးမှု အသင်းအဖွဲ့များ ဖွဲ့စည်းပြီး ဥပဒေလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းနဲ့အညီ ဆောင်ရွက်ကြမှ နိုင်ငံတော်ကလည်း ဥပဒေနှင့်အညီ

ပြန်လည်ပြီး ကြီးကြပ်လမ်းညွှန် ကူညီဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သို့ပါသော်လည်း ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်တဲ့ အသင်းအဖွဲ့သာဖြစ်ပြီး စီးပွားရေး အဖွဲ့အစည်းမဟုတ်တဲ့ တိုင်းရင်းသား ရိုးရာစာပေ၊ ယဉ်ကျေးမှု အဖွဲ့များအတွက် အသင်းအဖွဲ့ မှတ်ပုံတင်ကြေးနဲ့ ပတ်သက်ပြီး များစွာအခက်အခဲဖြစ်စေမှာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားရိုးရာစာပေ၊ ယဉ်ကျေးမှု အသင်းအဖွဲ့များအတွက် အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာ မှတ်ပုံတင်ကြေးနဲ့ပတ်သက်ပြီး အလေးထားစဉ်းစားပေးသင့်ကြောင်း လေးစားစွာ ဆွေးနွေးတင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၅၄ (ဃ)နဲ့ ပုဒ်မ ၃၆၅ တို့မှာ နိုင်ငံသားများဖြစ်ကြတဲ့ တိုင်းရင်းသားတို့ဟာ မိမိတို့ရဲ့ ရိုးရာစာပေ၊ ယဉ်ကျေးမှုကိစ္စရပ်များ ဆောင်ရွက်ရာမှာ တခြားသော တိုင်းရင်းသား မျိုးနွယ်စုတို့ကို ထိခိုက်နစ်နာမှုမရှိလျှင် ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရှိတယ်လို့ဖော်ပြထားပြီး ဖြစ်တဲ့အတွက် တိုင်းရင်းသားများ မိမိတို့ရဲ့ရိုးရာစာပေ၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရာမှာ ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ဥပဒေ ပြဋ္ဌာန်းချက်မျိုး အလေးထားစဉ်းစားပေးပြီး နိုင်ငံတော်ရဲ့ ပြုပြင်တည်ဆောက်ရေး ကဏ္ဍမှာ တိုင်းရင်းသားတို့ရဲ့ စည်းလုံးညီညွတ်မှုစွမ်းအားကို ရယူပြီး၊ တိုင်းရင်းသားများ အားလုံး နိုင်ငံသားများရဲ့ မူလအခွင့်အရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများ ဥပဒေနှင့် အညီ ခံစားခွင့်ရရှိစေပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု အစိုးရအဖွဲ့အသီးသီးတို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ဥပဒေပြု အာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်ရေးအာဏာတို့ ပိုင်းခြားကျင့်သုံး ခွဲဝေအပ်နှင်းပြီး လုပ်ပိုင်ခွင့်များ ခွဲဝေဆောင်ရွက်ကြမယ်ဆိုရင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ မကြာမီကာလမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ပါကြောင်း တင်ပြရင်း ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခက်ထိန်နန်ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၄း၄၉။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၄၉။**

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကချင်ပြည်နယ် အမှတ်(၁) မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန် ရဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသားရိုးရာစာပေနဲ့ ယဉ်ကျေးမှုအဖွဲ့များအားဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုနဲ့ စပ်လျဉ်း၍ ကျွန်တော်က ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)မှာ နိုင်ငံတော်ဟာ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည် ဆိုတဲ့ နိုင်ငံတော်အခြေခံမူများနဲ့အညီ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များ၊ ပုဒ်မ ၃၆၅ မှာ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ မိမိတို့အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင်ဆောင်ရွက်ခွင့်ရှိတယ်။ ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိစေရန် ရှောင်ကြဉ်ရမည်။ ထို့အပြင် မိမိတို့၏ ဆောင်ရွက်မှုသည် အခြားတိုင်းရင်းသား လူမျိုးတစ်မျိုးကို ဖြစ်စေ၊ လူမျိုးများကိုဖြစ်စေ ထိခိုက်နစ်နာစေနိုင်လျှင် သက်ဆိုင်သူများ အချင်းချင်း ညှိနှိုင်း၍ ပြေလည်မှုရရှိမှသာ ဆောင်ရွက်ခွင့် ရှိသည် ဆိုပြီး ပြဋ္ဌာန်းထားရှိပါတယ်။

လက်ရှိကျင့်သုံးဆောင်ရွက်နေတဲ့ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေဟာ ခေတ်စနစ်နဲ့ လျော်ညီဆဲဖြစ်တဲ့ တည်ဆဲဥပဒေတစ်ရပ်ပဲ ဖြစ်ပါတယ်။ အဲဒီဥပဒေမှာ

ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များဖွဲ့စည်းခွင့်ပြုရေးနဲ့ ကြီးကြပ်ရေးဗဟိုအဖွဲ့ကို ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များနဲ့ အသင်းအဖွဲ့မှတ်ပုံတင်ခွင့်နဲ့ သက်တမ်းတိုးခွင့်များ လျှောက်ထားဖို့အတွက်ကို သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများမှာ သတ်မှတ်ပုံစံများကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပြီးတော့ ဦးစွာလျှောက်ထားဖို့ လိုအပ်တာ ဖြစ်တဲ့အတွက် တိုင်းရင်းသားလူမျိုးစုများရဲ့ အရေးကိစ္စကို ဆောင်ရွက်သူများအနေနဲ့ လက်လှမ်းမမီစရာအကြောင်း မရှိကြောင်း ယူဆပါတယ်။

မြို့နယ်အဆင့်မှ ပြုစုတင်ပြလာတဲ့ အသင်းအဖွဲ့မှတ်ပုံတင်ခွင့်နဲ့ သက်တမ်းတိုးခွင့် အမှုတွဲများကို ခရိုင်နဲ့တိုင်းဒေသကြီး/ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနများက ဥပဒေ၊ ညွှန်ကြားချက်များနဲ့အညီ အဆင့်ဆင့် စိစစ်ထောက်ခံပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးချုပ်ကို တင်ပြဆောင်ရွက်ရပါတယ်။ ဒီလို အဆင့်ဆင့် တင်ပြလာမှုအပေါ် အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနဲ့ ကြီးကြပ်မှုဗဟိုအဖွဲ့ရဲ့ အတွင်းရေးမှူး တာဝန်ယူထားတဲ့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တပ်ဖွဲ့/ဦးစီး ဌာနများနဲ့ညှိနှိုင်းပြီးတော့ သဘောထားမှတ်ချက်များ ရယူပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တဲ့ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနဲ့ ကြီးကြပ်ရေးဗဟိုအဖွဲ့ကို တင်ပြဆောင်ရွက်ရပါတယ်။ ဗဟိုအဖွဲ့အနေနဲ့ အသင်းအဖွဲ့ မှတ်ပုံတင်ခွင့်နဲ့ သက်တမ်းတိုးခွင့် လျှောက်ထားလာတဲ့ အသင်းအဖွဲ့များရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနဲ့ အဖွဲ့ဝင်များရဲ့ ကိုယ်ရေးနောက်ကြောင်း စိစစ်ချက်များအပေါ် နိုင်ငံတော်ရဲ့ မူဝါဒများနှင့်အညီ ထပ်မံစိစစ်ပြီး ခွင့်ပြုချက်များကို သတ်မှတ်ချက်စည်းကမ်းများနဲ့အညီ ထုတ်ပြန်ပေးလျက်ရှိပါတယ်။ အဲဒီလို အသင်းအဖွဲ့မှတ်ပုံတင်ခွင့်နဲ့ သက်တမ်းတိုးခြင်း လျှောက်ထားခြင်းတွေနဲ့ ပတ်သက်လို့ သတ်မှတ်ပုံစံများကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ခြင်း၊ အသင်းအဖွဲ့ရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များ၊ အဖွဲ့ဝင်များရဲ့ ကိုယ်ရေးနောက်ကြောင်းများ စတဲ့ အချက်များနဲ့ ပြည့်စုံကောင်းမွန် မှန်ကန်မှု ရှိပါက ခွင့်ပြုမိန့်ကို ဆောလျင်စွာ ထုတ်ပေးလျက် ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေး ဗဟို အဖွဲ့က ပြည်တွင်းလူမှုရေးအသင်းအဖွဲ့(၃၁၄)သင်းနဲ့ နိုင်ငံတကာ အစိုးရမဟုတ်သော

ပြည်တွင်း/ပြည်ပ လူမှုရေးအသင်းအဖွဲ့(၄၄)ဖွဲ့တို့ကို ဥပဒေနဲ့အညီ ဖွဲ့စည်းခွင့်၊ မှတ်ပုံတင်ခွင့် ပြုပြီး ဖြစ်ပါတယ်။ အဲဒီလိုဖွဲ့စည်းခွင့်ပြုခဲ့တဲ့ ပြည်တွင်းလူမှုရေးအသင်း (၃၁၄)အသင်းမှာ မြို့နယ် အမည်ခံယူပြီး ဇာတိရပ်ရွာ အကျိုးပြုလုပ်ငန်း ဆောင်ရွက်နေတဲ့ အသင်း (၁၁၂)သင်း ရှိပါတယ်။ ဒီ အသင်းများထဲမှာ တိုင်းရင်းသားစာပေနဲ့ ယဉ်ကျေးမှုနဲ့ သက်ဆိုင်တဲ့ ရှမ်းစာပေနဲ့ ယဉ်ကျေးမှုအသင်း၊ ဓနုတိုင်းရင်းသား မိသားစုအသင်း၊ မြန်မာနိုင်ငံ တအာင်း စာပေနှင့်ယဉ်ကျေးမှုကော်မတီ စတဲ့ အသင်း(၃)သင်းတို့ ပါဝင်ခဲ့ပြီး ဖြစ်ပါတယ်။ ထပ်မံ ဖွဲ့စည်းခွင့်လျှောက်ထားလာတဲ့ တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှု အသင်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးနိုင်ရန်အတွက် ကြန့်ကြာမှု မရှိအောင် အလေးထား စိစစ်ဆောင်ရွက်ပေးလျက်ရှိနေပါတယ်။

ဒါ့အပြင် ဖွဲ့စည်းခွင့် ရရှိထားတဲ့ အသင်းအဖွဲ့များက ၎င်းတို့ရဲ့ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်များနဲ့ ဆောင်ရွက်ခြင်း ရှိ/မရှိကို အဆင့်ဆင့်ဖြစ်တဲ့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့က ကြီးကြပ်စိစစ်ခြင်းများကို ဆောင်ရွက်နိုင်ဖို့အတွက်ကို လုပ်ငန်းတာဝန်များလည်း သတ်မှတ်ထားရှိပြီး ဖြစ်ပါတယ်။ အချို့အသင်းအဖွဲ့များရဲ့ ရည်ရွယ်ချက်မှာ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်း၊ ပြုပြင် မွမ်းမံခြင်းများကို ထည့်သွင်းတင်ပြလာတဲ့အခါ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့က ထုတ်ပြန်ထားတဲ့ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေနှင့် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့က ထုတ်ပြန်ထားတဲ့ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ် ထိန်းသိမ်းရေး နည်းဥပဒေများနှင့်အညီ ယဉ်ကျေးမှုဝန်ကြီးဌာနကို ကြိုတင်တင်ပြ ခွင့်ပြုချက် တောင်းခံပြီး သက်ဆိုင်ရာဝန်ကြီးဌာနရဲ့ ကန့်သတ်ခွင့်ပြုချက်များအတိုင်း ဆောင်ရွက်သွားဖို့ လိုအပ်ကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသအသီးသီးမှာ ပြည်ထောင်စုဖွား တိုင်းရင်းသား ပေါင်းစုံမှီတင်းနေထိုင်ကြပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(င)နှင့်(စ)အရ တိုင်းရင်းသား လူမျိုးရေးရာဆောင်ရွက်ဖို့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီးများကိုလည်း ခန့်အပ်တာဝန် ပေးအပ်ပြီး ဖြစ်ပါတယ်။ အဲဒီ တိုင်းရင်းသားရေးရာဝန်ကြီးများက ၎င်းတို့ရဲ့ တိုင်းရင်းသား

ရေးရာစာပေ ယဉ်ကျေးမှု ဓလေ့ထုံးစံများနဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေး အတွက်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရဲ့ မူဝါဒများနှင့်အညီ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားဖို့ တာဝန်ရှိကြပါတယ်။

ဒါပေမယ့်လည်း တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ အခြားတိုင်းရင်းသား လူမျိုးစုများရဲ့ အရေးကိစ္စများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ကျောသားရင်သား မခွဲခြားဘဲ ကူညီဆောင်ရွက် ပေးဖို့လည်း လိုအပ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ များတွင် တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) ပြဋ္ဌာန်း သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနဲ့စပ်လျဉ်း၍ တိုင်းရင်းသားများဟာ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုတည်းမှာပင် တစ်စုတစ်စည်းတည်း နေထိုင်ခြင်းမျိုးမဟုတ်ဘဲ နိုင်ငံအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအနှံ့မှာ ဖြန့်ခွဲနေထိုင် ကြလျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက တိုင်းရင်းသား ရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့်(လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးပါက အဆိုပါ တိုင်းဒေသကြီး/ပြည်နယ်များက သတ်မှတ်ပေးထားတဲ့ အသင်းအဖွဲ့များအား အခြား တိုင်းဒေသကြီး/ပြည်နယ်များမှာ အသိအမှတ်ပြုရန် အခက်အခဲရှိသဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းမှာရှိသော အများစုနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးစုနှင့် အနည်းစုနေထိုင်သော တိုင်းရင်းသားလူမျိုးစုများအကြား အထင်အမြင်လွဲမှားမှုများ ဖြစ်ပေါ် လာနိုင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားလာနိုင်တဲ့အတွက်လည်းကောင်း တိုင်းရင်း သားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့်(လုပ်ပိုင်ခွင့်)ကို ဗဟိုမှသာ တာဝန်ခံ ဆောင်ရွက်သင့်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးခဲ့ကြတဲ့အချက်များနဲ့ ပတ်သက်ပြီး ကျွန်တော်ထပ်မံရှင်းလင်းဆွေးနွေးလိုပါတယ်။ ဒါကတော့ လွှတ်တော် ကိုယ်စားလှယ်အများစုက ဆွေးနွေးတဲ့အခါမှာ ကျွန်တော်တို့ အသင်းအဖွဲ့များ ဒီ မှတ်ပုံတင်တဲ့အခါမှာ အချိန် ကြန့်ကြာတာတွေ၊ ငွေကြေးကုန်ကျမှုတွေ များပြားတာတွေ ခရီးသွားလာမှု ခက်ခဲတယ်ဆိုတဲ့

အနေအထားမျိုးတွေ တင်ပြလာတာ၊ ဆွေးနွေးလာတာတွေ့ရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆွေးနွေးရရင်တော့ ကျွန်တော်တို့မြို့နယ်အဆင့်ကစတင်ပြီးတော့ တင်ရတာဖြစ်တဲ့အတွက် မြို့နယ်အဆင့်နဲ့ပဲ ဆက်သွယ်ရတာဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးဌာနအဆင့်ကို လာရောက်ဆက်သွယ်ရန် မလိုတဲ့ အကြောင်းလည်း ကျွန်တော်တို့ ဒီမှာ တင်ပြဆွေးနွေးလိုပါတယ်။ ငွေကြေးကုန်ကျမှုများပြား တယ်ဆိုတာလည်း ကျွန်တော်တို့ ယခင်ကတော့ မှတ်ပုံတင်ခွင့်ကို (၂)နှစ် သတ်မှတ်ပြီးတော့ မှတ်ပုံတင်ကြေး(၁)သိန်း သတ်မှတ်ထားပါတယ်။ ယခုကတော့ (၅)နှစ် သတ်မှတ်ပြီးတော့ မှတ်ပုံတင်ကြေးကိုတော့ (၅)နှစ် (၅)သိန်းအနေနဲ့ သတ်မှတ်ထားပါတယ်။ ဒါကလည်း ကျွန်တော်တို့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှာ စတင်သတ်မှတ်ခြင်း ဖြစ်ပြီးတော့ ၂၀၁၂ ခု ဇန်နဝါရီလက စတင်ပြီးတော့ မှတ်ပုံတင်တဲ့ အသင်းအဖွဲ့များကို မှတ်ပုံတင်ကာလ (၅)နှစ်နဲ့ မှတ်ပုံတင်ကြေး (၅)သိန်း သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော်တို့ အသင်းအဖွဲ့များရဲ့ တချို့ကိစ္စတွေမှာ ကြန့်ကြာတဲ့ အနေအထားနဲ့ ပတ်သက်ပြီး ကျွန်တော် ဆွေးနွေးလိုပါတယ်။

ဒါကတော့ ကျွန်တော်တို့ အသင်းအဖွဲ့များကို ဖွဲ့စည်းမယ်ဆိုရင် သူတို့ရဲ့ ရည်ရွယ်ချက် လုပ်ငန်းစဉ်တွေ ကျွန်တော်တို့ တင်ပြရတာ ရှိပါတယ်။ တချို့ကိစ္စတွေမှာ ရည်ရွယ်ချက်တွေ လုပ်ငန်းစဉ်တွေ တင်ပြတဲ့အခါမှာ တခြားသောဝန်ကြီးဌာနများရဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက် တာဝန်တွေနဲ့ သွားရောက်ပြီးတော့ ကိုက်ညီမှု ရှိ/မရှိ ကျွန်တော်တို့ သက်ဆိုင်ရာ ဝန်ကြီးဌာနကို မေးမြန်းရတာ ရှိပါတယ်။ ဥပမာ ခုန ကျွန်တော် တင်ပြခဲ့တဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့ သက်ဆိုင်တဲ့ကိစ္စမျိုး၊ တချို့ကျန်းမာရေးနဲ့ဆိုင်တဲ့ကိစ္စမျိုး၊ ပညာရေးနဲ့ ဆိုင်တဲ့ကိစ္စမျိုး သက်ဆိုင်ရာပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာန စသည်ဖြင့် ဒါတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေရဲ့ သဘောထားမှတ်ချက်တွေ ယူရတာ ဖြစ်တဲ့အတွက် တချို့ကိစ္စတွေမှာ ကြန့်ကြာတာ ဖြစ်ပါတယ်။ တချို့အသင်းအဖွဲ့တွေမှာ ပါဝင်တဲ့ အမှုဆောင်များဟာ ကျွန်တော်တို့ ဒီသတ်မှတ်ထားတဲ့ ဥပဒေအတွင်းမှာ ကိုက်ညီမှု မရှိတဲ့ ပုဂ္ဂိုလ်တွေ ပါဝင်လာတာ ဖြစ်တဲ့အတွက် ဒီပုဂ္ဂိုလ်တွေအတွက်ကို ကျွန်တော်တို့ စိစစ်နေရတဲ့အတွက် ကြန့်ကြာတာလည်း ပါ ပါတယ်။ တခြားကြန့်ကြာချက်ကတော့ ဒီဟာနဲ့

ပတ်သက်ပြီးတော့ သက်ဆိုင်ရာအဖွဲ့အစည်းတွေကနေ လျှောက်ထားလာတဲ့အခါမှာ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်နဲ့ ဒီဥပဒေအတိုင်းမှာ ကန့်သတ်ထားတာတွေ မပါဘူးဆိုရင်တော့ ဒါ အမြန်ဆုံးဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ ဒီ အစိုးရအနေနဲ့ တာဝန်ယူပြီး နောက်ပိုင်းမှာ ပြည်ထဲရေးဝန်ကြီးဌာန အနေနဲ့ အသင်းအဖွဲ့များဆိုင်ရာကိစ္စကို ဖွဲ့စည်းဖို့အတွက်ကို (၄)ကြိမ်အစည်းအဝေး ထိုင်ပြီးတော့ ဆောင်ရွက်တဲ့အခါမှာ အခု နောက်ဆုံးအကြိမ်ဆို ကျွန်တော်တို့ ပြီးခဲ့တဲ့ ၉-၁၀-၂၀၁၂ မှာ ကျွန်တော်တို့ တစ်ကြိမ် နောက်ဆုံးအကြိမ် ထိုင်ပြီးဖြစ်ပါတယ်။ အဲဒီမှာလည်း ကျွန်တော်တို့ NGO (၄၄)သင်းနဲ့ INGO(၁၃)သင်း၊ (၅၇)သင်းကိုလည်း ကျွန်တော်တို့ ဖွဲ့စည်းခွင့် ပြုဖို့အတွက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြတဲ့အခါမှာ ပြည်ထောင်စု အစိုးရရဲ့ ခွင့်ပြုမိန့်ကို ကျွန်တော်တို့ စောင့်ဆိုင်းခြင်း ဖြစ်ပါတယ်။ ဒါ ရလာမယ်ဆိုရင် ကျွန်တော်တို့ အသင်းပေါင်း(၄၀၀)ကျော် ကျွန်တော်တို့ ဖွဲ့စည်းပြီး ဖြစ်ပါလိမ့်မယ်။

ဒါကြောင့်မို့ အသင်းအဖွဲ့များ ဖွဲ့စည်းမယ်ဆိုရင် သက်ဆိုင်ရာ ဖွဲ့စည်းမယ့် အသင်းအဖွဲ့များကနေပြီးတော့ မှန်ကန်စွာ ဖြည့်စွက်မယ်။ သတ်မှတ်ထားတဲ့ အရည်အချင်း တွေနဲ့ကိုက်ညီတဲ့ ပုဂ္ဂိုလ်တွေ ပါဝင်မယ်။ နောက်ပြီးတော့ ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီး ဌာနတွေနဲ့ သက်ဆိုင်တဲ့အချက်တွေ ဒီမှာ ငြိစွန်းမှု မရှိမယ်ဆိုရင်တော့ အမြန်ဆုံးဆောင်ရွက် ပေးလျက်ရှိကြောင်း ကျွန်တော်ဖြည့်စွက်တင်ပြလိုပါတယ်။ ဒါကြောင့်မို့ ကျွန်တော် ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးမှာ တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေပြဋ္ဌာန်းရေးအဆိုကို လွှတ်တော်က အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။ ဒီအဆိုနဲ့ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီးမှသာ လိုအပ်သလို ဆက်လက်ဆွေးနွေးရန် ဖြစ်တယ်လို့ ယူဆတဲ့အတွက် ယခု တင်ပြတဲ့ အဆိုနဲ့ပတ်သက်လို့ မှတ်တမ်းတင်ထားရှိသင့်ပါကြောင်း တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၅း၀၀။**

**ဥက္ကဋ္ဌ**။ ။ အဲဒီတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၂၊ နိုင်ငံတော်သည် ဘယ်သူကလုပ်မှာလဲဆိုတော့ နိုင်ငံတော်ကလုပ်မှာ နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏

စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည် ဒါ ကတိပါပဲ။ နိုင်ငံတော်က ကတိထားရတယ်။ ပြီးတော့ ၃၆၅၊ နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ဒါ ချည်ထားလိုက်တာ၊ ဥပဒေနှင့်အညီ မိမိတို့ အမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ လွတ်လပ်စွာကို ဘာနဲ့ချည်လိုက်လဲ ဆိုတော့ ဥပဒေနှင့်အညီ ဆိုပြီးတော့ ချည်လိုက်တဲ့ သဘောရှိပါတယ်။ အဲဒီတော့ ဒါကလည်း ဆောင်ရွက်ပိုင်ခွင့် ရှိသည်ဆိုတာလည်း Right ပါပဲ။ ဒီ Right ကို နိုင်ငံတော်က ကူညီရမယ်ဆိုတဲ့ ကတိလည်း ရှိတဲ့အတွက် စဉ်းစားပုံ စဉ်းစားနည်းတွေကတော့ ဒါ ပြည်ထဲရေးဝန်ကြီးဌာနက ပြောင်းလဲဖို့ လိုနေပြီ ဒီကိစ္စနဲ့ပတ်သက်လို့။

ဒါတွေက ရှိပြီးသားကိစ္စတွေ ပျောက်ပျက်အောင်၊ ဒီလိုအခြေအနေမျိုး ဖြစ်သွားအောင် မလုပ်သင့်တဲ့ အနေအထား ရှိပါတယ်။ ဒုတိယဝန်ကြီးကတော့ ဆောလျင်စွာ ဆောင်ရွက်ပေးတယ်ဆိုပေမယ့် ဟို ကြာမြင့်ကြာမြဲဖြစ်ပြီးတော့ အခက်အခဲတွေ ကြီးမားစွာဖြစ်တယ်။ ဝန်ကြီးဌာနကို လာရောက်ဆက်သွယ်ဖို့ မလိုပါဘူး။ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ပဲ ဆောင်ရွက်လို့ ရပါတယ်ဆိုတဲ့ဟာက မရလို့ ကြားထဲက အဆင့်ဆင့်တွေ ဖြစ်နေလို့ ဝန်ကြီးဌာနအထိကို လိုက်လာရရှာတာပေါ့။ သဘောက၊ ရရင်တော့ ဘယ်လိုက်မလဲ။ စာတိုက်က ထည့်ပေးလိုက်လို့ ပြီးသွားတယ်ဆိုရင်တော့ ဘယ်သူမှ လိုက်မှာမဟုတ်ဘူး။ ဒီသဘောတွေ ရှိတယ်။ ဆိုတော့ ဒီအခြေခံဥပဒေနဲ့ညီအောင် ခုန အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေပြန်ဆွဲဖို့ လိုပါတယ်။ နည်းဥပဒေတွေဆွဲတဲ့အခါမှာ ဒါတွေကို Exception တွေ ပေးဖို့လိုတာပေါ့။

အဲဒီတော့ တိုင်းရင်းသားတို့ရဲ့ စာပေ၊ စကား၊ ယဉ်ကျေးမှု၊ အနုပညာ စသည်ဖြင့် ဘာသာရပ်က ကျယ်ပြန့်တယ်။ Do တွေ၊ Don’t တွေ ထည့်ပေါ့။ ဥပဒေနဲ့အညီဆိုတာ ဒါလုပ်ပါ။ ဒါမလုပ်ပါနဲ့၊ ထည့်ပေါ့။ ဒီထည့်တဲ့အခါမှာ ဥပဒေပြင်ဆင်တဲ့ ဥပဒေကြမ်းဆိုရင်တော့ လွှတ်တော်က ဒါ စဉ်းစားပေးမှာပေါ့။ အတည်ပြုပေးမှာပေါ့။ လက်ရှိဥပဒေအရကတော့ ကျန်တဲ့လုပ်ငန်းတွေ၊ ကျန်တဲ့အသင်းအဖွဲ့တွေနဲ့ ပတ်သက်လို့ မပြောပါဘူး။ တိုင်းရင်းသား ကိစ္စပဲ ပြောတာဖြစ်ပါတယ်။ တိုင်းရင်းသားကိစ္စနဲ့ပတ်သက်လို့တော့ ပြန်စဉ်းစားဖို့လိုပြီ။

ဒါကြောင့်မို့လို့ မူလအဆိုရှင်ရဲ့ ဆန္ဒလည်း မမေးတော့ပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့၊ အတည်ပြု၊ မပြုပဲ အဆုံးအဖြတ်ရယူပါ့မယ်။ ဒါ ကော်မတီကတင်တဲ့ကိစ္စပါ။

**အချိန်၊ ၁၅း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခက်ထိန်နန် တင်သွင်းတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများတွင် တိုင်းရင်းသားရိုးရာ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဖွဲ့စည်းခွင့် (လုပ်ပိုင်ခွင့်) ပြဋ္ဌာန်းသတ်မှတ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူရာမှာ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့ နည်းလမ်းနဲ့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံမဲ (၁၂၇)၊ ကန့်ကွက်မဲ ( ၅၉ )၊ ကြားနေမဲ ( ၆ ) ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဦးခက်ထိန်နန် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၁)ရက်မြောက်နေ့ အစည်းအဝေးရပ်နား ကြောင်းနှင့် (၁၂)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**အချိန်၊ ၁၅း၀၅ ။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစည်းအဝေးကို ၁၅း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]